ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာ အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 8 November 2021 ၁၀၅၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးသန်း doses (ဆဋ္ဌမအသုတ်) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

## နိုဝင်ဘာ ၆ ရက်အထိ လူဦးရေစုစုပေါင်း ၁၃ ဒသမ ၉ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၈ ဒသမ ၂၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၆၅ သန်း ရှိပြီဖြစ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးသန်း doses (ဆဋ္ဌမအသုတ်) ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

နေပြည်တော် နိုဝင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး ၂၄ သန်း doses ကို စာချုပ်ချုပ်ဆိုဝယ်ယူထားသည့်အနက် နောက်ဆုံးအသုတ်(ဆဋ္ဌမအသုတ်)အဖြစ် ကာကွယ်ဆေး လေးသန်း doses သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ည ၈ နာရီ မိနစ် ၂၀ တွင် ထပ်မံရောက်ရှိလာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံခဲ့သည်။

### ဆက်လက်ဖြန့်ဝေပေးသွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး စုစုပေါင်း ၂၄ သန်း doses သည် (၆)ကြိမ်ခွဲ၍ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခုရောက်ရှိလာသော ကာကွယ်ဆေးများနှင့် ယခင်လက်ကျန်ရှိသော ကာကွယ်ဆေးများကို အသုံးပြု၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရည်မှန်းဦးတည်အုပ်စုများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေး နှစ်ကြိမ် အပြည့်ထိုးနှံပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

## ယနေ့ဖတ်စရာ


**လတ်တလောဖြစ်ပွားနေသော ဆူပူဆန္ဒပြ အကြမ်းဖက်**



**လုပ်ရပ်များ၏ နောက်ကွယ်မှ မူးယစ်ဆေးဝါး အန္တရာယ်**

စာမျက်နှာ » ၆

**ကျောင်းမအပ်၊ ကျောင်းမတက်ရေး လှုံ့ဆော်နေသူများသို့ . . .**

စာမျက်နှာ » ၁၀

**၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးမြှင့်ရန် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့ သဘောတူညီ**

စာမျက်နှာ » ၁၁



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# အေးချမ်းသာယာရေး ငြိမ်းချမ်းရေးဖော်ဆောင်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အေးအတူပူအမျှ စုပေါင်းနေထိုင်ကြသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ယဉ်ကျေးမှုအနုပညာများသည် နှစ်ပေါင်းရှည်ကြာ တည်တံ့ခဲ့သည်။ ထိုသို့တိုင်းရင်းသားပြည်သူများ စုစည်းညီညွတ်စွာ အတူတကွ နေထိုင်ခဲ့ကြရာမှ ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်သွားသောအချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှ ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးဆက်များကို ပြည်ထောင်စုသားအားလုံး တန်းတူညီမျှ မျှဝေခံစားနိုင်မည့်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရ အဆက်ဆက်လက်ထက်များ၌လည်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနှင့် ထာဝရငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်ခဲ့သော်လည်း အယူအဆစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲများကြောင့် ငြိမ်းချမ်းရေးနှင့်အလှမ်းမနီးခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများ မျှော်မှန်းသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီကို ခုတုံးလုပ်၍ မမှန်မကန်လုပ်ရပ်များကြောင့် ရည်မှန်းချက်ခရီးဝေးနေရသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကိုချမှတ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူညီမျှခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးကို ဆောင်ရွက်နေစဉ် နိုင်ငံရေးအပြောင်းအလဲဖြစ်လာသောအခါ၌ နိုင်ငံ့အာဏာရရှိရေးအတွက် ပြည်ပအားကိုးပြီး တိုင်းပြည်ဖျက်ဆီးရေးကို အားထုတ်လာသည့် အဖွဲ့အစည်းများပေါ်ပေါက်လာသည်။ ၎င်းတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နေစဉ် အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုအန္တရာယ်များကို ကြုံတွေ့နေရာ ယင်းတို့ကို ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးကို လိုလားလျက်ရှိသည်။ ငြိမ်းချမ်းရေး၏အနှောင့်အယှက်များမှာ လတ်တလောတွင် တည်ငြိမ်အေးချမ်းမှုများကို ဖျက်ဆီးမှုဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာလျှင် ငြိမ်းချမ်းရေးခရီးလမ်းကို တက်လှမ်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတွင်လည်းကောင်း၊ ငြိမ်းချမ်းရေးတွင်လည်းကောင်း တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်တိုက်တွန်းအပ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံကိုပျက်စီးစေလိုသည့် ပြည်တွင်း/ပြည်ပအနှောင့်အယှက်များမှာ များပြားလှသည်။ ရှေ့ဆက်၍ရင်ဆိုင်ရမည့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာနိုင်မည့်အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန် တိုင်းရင်းသားပြည်သူများ၏ စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့်မျိုးချစ်စိတ်ဓာတ်ဖြင့် မိမိနိုင်ငံကို မိမိတို့ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးမှုသည် အသက်သွေးခဲဖြစ်သည်။ စည်းလုံးမှုသည် တိုင်းပြည်သာယာဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းခြင်းသည် စည်းလုံးခြင်း၊ ဖွံ့ဖြိုးခြင်းဖြစ်သည်။ ပြည်သူအားလုံး အလိုလားဆုံး၊ အတောင့်တဆုံးမှာ ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်းကြီးပေါ်ထွန်းမှသာ နောင်မျိုးဆက်များအတွက် ငြိမ်းချမ်းသာယာသောအမွေအနှစ်များကို ထားခဲ့နိုင်မည်။ ငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံး အတူလက်တွဲဆောင်ရွက်နိုင်ပါက မိမိတို့အားလုံးမျှော်မှန်းသည့် လွတ်လပ်သော၊ ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းကြီး ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ရွှေပြည်သာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် ပြည်သူ ၂၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်



**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်နေပြည်သူ ၂၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့တွင် ရွှေပြည်သာမြို့နယ် အမှတ် ၉ ရပ်ကွက်ရှိ အထက(၅)ကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းသူအောင်က ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာများနှင့် နိုင်ငံသားဆိုင်ရာ အချက်အလက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ရပ်ကွက်နေပြည်သူ ၂၁၇ ဦးတို့ကို တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးပေးအပ်ခဲ့ကြရာ ရပ်ကွက်နေပြည်သူများကိုယ်စား အမှတ် ၉ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေပြည်သာမြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်နှင့် ကျေးရွာပေါင်းလေးရွာရှိ ပြည်သူများထံသို့ ကွင်းဆင်းပြီးဆောင်ရွက်ပေးခဲ့ရာ အိမ်ထောင်စုစာရင်း ၁၅၅၂ စုရှိ ရပ်ကွက်နေပြည်သူ ၃၄၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးပြီးဖြစ်သည်။

**ဉာဏ်ဟိန်း**

## ကျောက်ဆည်ခရိုင် ရဲရွာရေလှောင်တမံအတွင်းသို့ ငါးမျိုးများစိုက်ထည့်




**ကျောက်ဆည် နိုဝင်ဘာ ၇**

ကျောက်ဆည်ခရိုင် ရဲရွာရေလှောင်တမံအတွင်းသို့ ကူမဲငါးလုပ်ငန်းစခန်း၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန်ငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ခုနစ်သိန်း၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ကိုးသိန်း မျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူ၊ ရဲရွာရေလှောင်တမံဦးစီးမှူး ဦးတိုးမြင့်ကျော်၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းတာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်း၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ၊ နတ်ရေကန်ငါးစခန်း တာဝန်ခံ၊ သရက်ကုန်းငါးစခန်းတာဝန်ခံနှင့် ခရိုင်နှင့်ငါးစခန်းတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**လယ်ဝေး နိုဝင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါစနစ်တကျ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လိုက်နာရမည့်အချက်အလက်များအား ပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီတွင် ရပ်ကွက်နှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | | **အကြီးတန်း** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | | **သတင်းထောက်များ** | ဦးသန်းတင်အောင် |
| | | | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | | **စာပြင်** | – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး – ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧကတင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ကြည့်ရှုစစ်ဆေး

## စိုက်ပျိုးရေးသိပ္ပံကျောင်းများအချင်းချင်းအကြား အသိပညာ၊ နည်းပညာဖလှယ်ရေး အင်တာနက်ကွန်ရက် ချိတ်ဆက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား



**နေပြည်တော် နိုဝင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့တွင် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း ရွှေရတုအထိမ်းအမှတ် ခန်းမဆောင်တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ကျောင်းစီမံအုပ်ချုပ်ရေး ဝန်ထမ်းများကို တွေ့ဆုံအမှာစကား ပြောကြား၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစောဆုံး(၁၉၂၄) ခုနှစ်က တည်ဆောက်ခဲ့သည့် နှစ်တစ်ရာနီးပါး သက်တမ်းရှိရှေးဟောင်းကျောင်းအဆောက်အအုံများ ထိန်းသိမ်းရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်း စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေး၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များရှိ စာကြည့်တိုက်ကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများအချင်းချင်းအကြား အသိပညာ၊ နည်းပညာဖလှယ်ရေး၊ အင်တာနက်ကွန်ရက် ချိတ်ဆက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာများတွင် အာဟာရပြည့်ဝရေးနှင့် မိသားစုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နိုင်ရေး အားပေးကူညီဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပြီးစီးရေးကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လာမည့် စာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာ သင်တန်းတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးပညာ စာသင်ဆောင်၊ ဓာတ်ခွဲခန်း၊ လက်တွေ့သင်တန်း အထောက်အကူပြု အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး၊ ငွေစာရင်းဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကျောင်းဖွင့်ရာသီအမီ ဆောင်ရွက်ရမည့် အကြိုလုပ်ငန်းများ စနစ်တကျ ရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ GAP ဟင်းသီးဟင်းရွက်စံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒေသနေပြည်သူများ၊ ပုဂ္ဂလိကများအား နည်းပညာပေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ဖွင့်လှစ်ထားရှိ

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခု၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုရှိပြီး စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည်။ ယခုအခါ မွေးမြူရေးကဏ္ဍတွင် လိုအပ်လျက်ရှိနေသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်သူများ သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ယခုနှစ် ကျောင်းဖွင့်ရာသီမှစတင်၍ မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပြီး စက်မှုလယ်ယာ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးကိုလည်း မျှော်မှန်းဆောင်ရွက်လျက်ရှိနေကြောင်း၊ လက်တွေ့အသုံးချ ပညာရပ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် အသုံးပြုလုပ်ကိုင်နိုင်ကြခြင်းဖြင့် လူငယ်များအတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးသာမက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိုယ်တိုင်လုပ်ကိုင်ကြမည့် လယ်ယာစီးပွားလုပ်ငန်းရှင်များ ပေါ်ထွက်လာခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ကောင်းမွန်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးသန်း doses (ဆင္ဒမအသုတ်) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

○ ရှေ့ဖုံးမှ

ထို့အပြင် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ပြည်သူများအတွက်လည်း ကာကွယ်ဆေးများ ထပ်မံ၍ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ၁၃ ဒသမ ၉ သန်းအား ထိုးနှံပေးပြီး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၆ ရက်အထိ လူဦးရေစုစုပေါင်း ၁၃ ဒသမ ၉ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၈ ဒသမ ၂၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅ ဒသမ ၆၅ သန်း ရှိပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ နိုဝင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၂၂ ဒသမ ၁၅ သန်း ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက်အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင်(သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**

# သထုံစက်မှုနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး

## ရော်ဘာအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ထူထောင်နိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် အင်းရှည်ကျေးရွာအနီးရှိ သထုံစက်မှုနယ်မြေနှင့် အမှတ်(၂၁) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်မှုနယ်မြေ (သထုံ) ကို ရော်ဘာအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည့် စက်မှုလုပ်ငန်များ ထူထောင်နိုင်ရေး စီမံဆောင်ရွက်ရန်ရှိပြီး အခြေခံအဆောက်အအုံများနှင့် မြေနေရာများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ရန်၊ အမှတ်(၂၁)အကြီးစားစက်ရုံအနေဖြင့် စက်ရုံရှိ နည်းပညာနှင့် အရင်းအမြစ်များကို အကျိုးရှိအောင် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို Business Plan ရေးဆွဲဆောင်ရွက်ရန် မှာကြားကာ စက်မှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂၁) အကြီးစားစက်ရုံရှိ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ်။

### မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုက်ထိုမြို့နယ်ရှိ အမှတ်(၂၇) ကုန်ကြမ်းဌာန မရမ်းကုန်းရော်ဘာခြံသို့ရောက်ရှိပြီး စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာပင်များကို ဖြစ်ထွန်းအောင်မြင်အောင်နှင့် ရော်ဘာစေး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပင်ပြည့်/ကွက်ပြည့် အစေးခြစ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်၍ အလေးထားဆောင်ရွက်ရန်၊ အထွက်နှုန်းနည်းပါးသွားသည့် ပင်အို/ပင်ဟောင်းများနေရာတွင် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် ရော်ဘာပင်များဖြင့် နှစ်စဉ်အစားထိုး စိုက်ပျိုးနိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ ဦးစီးဌာန၊ သင်တန်းကျောင်းနှင့် စက်ရုံများ၏ လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းရှိ သယံဇာတများကို အသုံးပြု၍ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်မှုသင်တန်းကျောင်းများကို ယခုနှစ် ဒီဇင်ဘာလဆန်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများကိုလည်း ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင် စက်ရုံ/အလုပ်ရုံများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ အစိုးရ-ပုဂ္ဂလိက PPP ပုံစံ၊ အစိုးရ-ပုဂ္ဂလိက Joint Venture ပုံစံများဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှိ ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်ထားမှုတို့ကို အရည်အသွေးရှိသော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများ ရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ဆွေးနွေးပြောကြား

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် စက်မှုလက်မှုသမိုင်းမှတ်တမ်း ပြုစုရေးသားထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး ယခင် ထုတ်ဝေခဲ့ပြီးဖြစ်သည့် စက်မှုလက်မှုသမိုင်းမှတ်တမ်းအား ပြန်လည်ထုတ်ဝေပြီး မျက်မှောက်ခေတ်အထိ ရေးသားထုတ်ဝေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်နှင့် စက်မှုလက်မှုသမိုင်းအား နောက်မျိုးဆက်သစ်များ မှန်ကန်စွာ သိရှိနိုင်ရေးအတွက် တိကျခိုင်မာသည့် အချက်အလက်များဖြင့် မှတ်တမ်းပြုစု ရေးသားပေးကြရန် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့်ပညာရှင်များက ရင်းနှီးပွင့်လင်းစွာ အကြံပြု ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

# ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ် ၁၀ မြို့နယ်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည့်မြို့နယ်များအဖြစ် သတ်မှတ်ပြီး အထူးအားဖြည့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) သို့လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့လည်းကောင်း၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သို့လည်းကောင်း အောက်တိုဘာ ၂၉ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

### အထူးအားဖြည့်ဆောင်ရွက်

ယင်းသို့ဆောင်ရွက်ရာ ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ် ၂၁ မြို့နယ်အနက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည့် မြို့နယ် ၁၀ မြို့နယ်အဖြစ် တောင်ကြီးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဟိုပုန်းမြို့နယ်၊ ရွာငံမြို့နယ်၊ လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ပင်းတယမြို့နယ်တို့ကို သတ်မှတ်ပြီး အထူးအားဖြည့် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံ၊ နောင်ထော်တိုက်နယ်ဆေးရုံ၊ ဆိုက်ခေါင်တိုက်နယ်ဆေးရုံ၊ ဟိုပုန်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကလောမြို့နယ် ပြည်သူ့ဆေးရုံ၊ ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံ၊ နန့်ပန်တိုက်နယ်ဆေးရုံ၊ နမ့်စန်မြို့နယ်ဆေးရုံ၊ လွိုင်လင်ဆေးရုံကြီး၊ ရပ်စောက်မြို့နယ်ဆေးရုံ၊ ပင်းတယမြို့နယ် မိုင်းအင်တိုက်နယ်ဆေးရုံများသို့လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအိုဝ်းနှင့်ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍လည်းကောင်း၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပိုးတွေ့ရှိမှုတို့ကို အသေးစိတ်သုံးသပ်၍ လူနာသစ်ရှာဖွေခြင်းနှင့် ဦးတည်အုပ်စုများအလိုက် ဓာတ်ခွဲစစ်ဆေးမှု အားဖြည့်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လူနာနှင့်အနီးကပ်ထိတွေ့သူများကို ရှာဖွေ၍ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်း (Contact Tracing) လုပ်ငန်းများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြည်သူလူထုမှ ပူးပေါင်းပါဝင်စေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ လိုက်နာစေရေး ဆောင်ရွက်မည့်လုပ်ငန်းများ အသေးစိတ်ဆွေးနွေးပြီး မြို့နယ်များအလိုက် တင်ပြလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ကိုဗစ်-၁၉ ရောဂါ လူနာသစ် ရှာဖွေခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဓာတ်ခွဲစစ်ဆေးမှုများအား နှစ်ဆခန့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ရောဂါပိုးတွေ့ရှိမှုနှုန်းများလည်း စတင်ကျဆင်းလာကြောင်း တွေ့ရှိရသည်။

### ပံ့ပိုးပေး

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများအား ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းဗျူဟာတစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဓာတ်ခွဲစစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် RDT Test Kit များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကို ကျန်းမာရေးဝန်ကြီးဌာနမှ မြို့နယ်များသို့ ပံ့ပိုးပေးခဲ့ပြီး လိုအပ်ချက်နှင့်အညီ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှုများ အချိန်တိုအတွင်း ကျဆင်းပြီး စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား ဘားအံ၌ကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

(၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှပေးပို့သည့် ၂၀၂၁ ခုနှစ် (၆၆) နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာအား သဘာပတိအဖွဲ့ဝင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကိုက ဖတ်ကြားသည်။

ထို့နောက် (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများဖွင့်ပွဲကို ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိကွင်းရှိ အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဗိုလ်မှူးကြီးမျိုးမင်းနောင်က (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် သီရိကွင်းဒုံးစင်မြင့်တွင် ကရင်ရိုးရာဒုံးအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြရာ ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ (၆၆)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အခွန်ထမ်းဆောင်မှု ထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု၊ တက္ကသိုလ် ကောလိပ်များမှ အားကစားထူးချွန်ဆု၊ ပြည်နယ်ဘောလုံးအားကစားထူးချွန်ဆု၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ထူးချွန်ဆု အစရှိသည့် ထူးချွန်ဆု စုစုပေါင်း ဆု ၆၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ် လက်ပန်ကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ ရှိ မိုးစပါးစံကွက်ရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

**ကျိုက်မရော နိုဝင်ဘာ ၇**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီက ကျိုက်မရောမြို့နယ် လက်ပန်ကျေးရွာ၊ စိုက်ပျိုးရေးဦးစီးဌာန ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ ရှိ မိုးစပါး စံကွက်ရိတ်သိမ်းနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ပြည်ပတင်ပို့

စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း မိုးစပါး စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေး သွင်းအားစုများအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးစပါး စံကွက် ရိတ်သိမ်းနေမှုအခြေအနေ၊ မိုးစပါးထွက်ရှိမှုအပေါ် အစိုဓာတ်ပါဝင်မှု ရာခိုင်နှုန်းအား တိုင်းတာစစ်ဆေးမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အနေဖြင့် မိုးစပါး ဧက ၆၈၀၀၀၀ ကျော်လျာထား စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးစပါးကို ရာခိုင်နှုန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ဆီနှင့်ဆီထွက်သီးနှံများ၊ အခြားဒေသထွက် သီးနှံများကိုလည်း ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ပျက်စီးမှုကို ပြန်လည်စိုက်ပျိုးမည့် တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ကူညီထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



# ကန်ကြီးထောင့်မြို့နယ် ရေချိုကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကန်ကြီးထောင့် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရေချိုကုန်းကျေးရွာ၌ ယမန်နေ့ ညနေ ၄ နာရီခွဲက ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လျှပ်စစ်မီးရရှိသည့် နေအိမ်များမှ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ရေချိုကုန်းကျေးရွာ၌ အိမ်ခြေ ၂၈၄ အိမ်နှင့် အိမ်ထောင်စု ၂၈၄ စု ရှိကြောင်း သိရပြီး နိုဝင်ဘာ ၆ ရက်မှစတင်ကာ ၂၄ နာရီကာလပတ်လုံး ကျေးရွာနေ ပြည်သူများအနေဖြင့် လျှပ်စစ်မီးများ အသုံးပြုသွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီး၌ ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မကွေး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ်အား ကြည့်ရှုအားပေးသည်။

### ချီးမြှင့်ပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ယခုလိုပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံက အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားကာ ပထမဆုရရှိသည့် မကွေးမြို့နယ် အာဠာဝက ကလပ်အသင်းအား ဆုကလပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

### ယှဉ်ပြိုင်ကစား

အဆိုပါ ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များရှိ ပိုက်ကျော်ခြင်းအသင်းအဖွဲ့ ၂၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ပွဲစဉ်များကို နိုဝင်ဘာ ၂ ရက်မှ စတင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# ကဝမြို့နယ်၌ ငါးမျိုးစိုက်ထည့်

**ကဝ နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်၉ နာရီက ပဲခူး-ကဝမြစ်ကူးတံတားတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်းကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတများ မပြုန်းတီးစေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှုမြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ကဝမြို့နယ် ပဲခူးမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ကောင်ရေ ၂၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လတ်တလောဖြစ်ပွားနေသော ဆူပူဆန္ဒပြ အကြမ်းဖက်လုပ်ရပ်များ၏နောက်ကွယ်မှ မူးယစ်ဆေးဝါးအန္တရာယ်

အောင်ရှင်း

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို အစိုးရအဆက်ဆက် “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်ပြီး နှိမ်နင်းခဲ့ကြပါတယ်။ သို့ပေမယ့်လည်း ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC) ရဲ့ အစီရင်ခံစာများနဲ့ အခြားသော မူးယစ်ဆေးဝါးဆိုင်ရာ ညွှန်းကိန်းတွေအရ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်နေဆဲဖြစ်ပါတယ်။ UNODC ရဲ့ ၂၀၂၀ ပြည့်နှစ်အတွက် ထုတ်ပြန်တဲ့ အရှေ့နဲ့ အရှေ့တောင်အာရှဆိုင်ရာ အစီရင်ခံစာမှာ COVID-19 ဖြစ်ပွားနေပေမယ့် မူးယစ်ဆေးဝါးကုန်သွယ်မှု ကျဆင်းမသွားကြောင်းနဲ့ မူးယစ်ဆေးဝါးဂိုဏ်းတွေက ကုန်သွယ်မှုတွေကို တိုးချဲ့နေတယ်လို့ ဖော်ပြထားပါတယ်။ ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာအစီရင်ခံစာမှာလည်း မြန်မာနိုင်ငံ ရွှေတြိဂံဒေသမှာ ဘိန်းစိုက်ပျိုးမှု လျော့ကျလာပေမယ့် မက်သာဖက်တမင်း (Methamphetamine) ထုတ်လုပ်မှုနဲ့ တရားမဝင်ကုန်ကူးတဲ့ဈေးကွက် ကြီးမားကျယ်ပြန့်လာကြောင်း ဖော်ပြထားပါတယ်။ ဒီလိုကျယ်ပြန့်လာတဲ့ စိတ်ကြွဆေးပြားဈေးကွက်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ဆန္ဒပြမှုများ၊ အကြမ်းဖက်မှုဖြစ်စဉ်များရဲ့ နောက်ကွယ်မှာလည်း ကြီးမားစွာ သက်ရောက်မှုရှိနေတယ်ဆိုတာ မငြင်းနိုင်တဲ့ သက်သေအထောက်အထားတွေ အခိုင်အမာရှိနေပါတယ်။

**မူးယစ်ဆေးဝါးကို အသုံးချပြီး အကြမ်းဖက်မှုတွေ၊ ဆူပူအုံကြွမှုတွေ ဖန်တီးတာဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး အစောပိုင်းကာလတွေကတည်းက အစိုးရကိုဆန့်ကျင်တဲ့သူတွေ အသုံးပြုခဲ့တဲ့နည်းဖြစ်တယ်ဆိုတာကို ဩစတြေးလျနိုင်ငံသား နိုင်ငံရေးလေ့လာသူ Mr.B ဆိုတဲ့ မြန်မာတစ်ဦးရေးသားသည့် “မြန်မာနိုင်ငံ၏ အကျပ်အတည်း ရက် ၁၀၀ ကာလအတွင်း ပြည်ပရောက်မြန်မာနိုင်ငံသားတစ်ဦး၏ မက်သာဖက်တမင်း ဆေးစွဲနေသော စစ်သွေးကြွလူငယ်များဆိုင်ရာဆန်းစစ်ချက်နှင့် မျက်မြင်တွေ့ရှိချက်” ဆောင်းပါးမှာ “Generation Z ခေါ် ဂိမ်းသမား၊ ဆေးကြောင် ဆယ်ကျော်သက်များရဲ့ မူမမှန်တဲ့ စိတ်ခံစားချက်လှုပ်ရှားမှုများကို အထောက်အထားသက်သေများနဲ့ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။**

အဲဒီဆောင်းပါးမှာ ဖော်ပြချက်တွေအပြင် မြေပြင်မှာ အမှန်တကယ်ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေအရ ဆန္ဒပြပွဲတွေ အရှိန်မြှင့်ခဲ့တဲ့ ဖေဖော်ဝါရီလနဲ့ မတ်လ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေမှာ ဆန္ဒပြပွဲတွေကို ဦးဆောင်စီစဉ်ခဲ့သူတချို့က တူညီဝတ်စုံများ၊ တူညီဆိုင်းဘုတ်များကိုယ်စီနဲ့ ဆန္ဒပြပွဲများ အရှိန်မြှင့်တင်ဖို့အတွက် နေ့တွက်စရိတ်နဲ့ စားသောက်ဖို့ ထမင်းဘူး ဝေငှမှုတွေရှိခဲ့ပါတယ်။ ထမင်းဘူးဝေတဲ့နေရာမှာ ထမင်း (သို့မဟုတ်) စားစရာတစ်ခုခုထည့်ထားတဲ့ ဖော့ဘူးအဖုံးရဲ့အတွင်းမျက်နှာပြင်မှာ နေ့တွက်စရိတ်လေးတွေကို ဆီမပေနိုင်အောင် ပလတ်စတစ်နဲ့ထည့်ပြီး တိပ်နဲ့ကပ်ထားပေးပါတယ်။ ဒီနေရာမှာ ထူးခြားတာက အချို့စီစဉ်ဆောင်ရွက်သူတွေဟာ ဆန္ဒပြသူတွေ အပင်ပန်းခံနိုင်အောင် အကြောင်းပြချက်နဲ့ ထမင်းဘူးရဲ့ ဖော့ဘူးအဖုံးအတွင်းမှာနေ့တွက်စရိတ်တင်မကဘဲ စိတ်ကြွမူးယစ်ဆေးဝါးတွေကိုပါ တိပ်နဲ့ကပ်ပေးခဲ့တယ်လို့ ဆန္ဒပြပွဲတွေမှာ ထဲထဲဝင်ဝင်ပါဝင်ခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိတဲ့ လူငယ်တွေရဲ့ ပြန်လည်ပြောပြချက်အရသိရပါတယ်။



မတ်လ ၂၉ ရက် မန္တလေးမြို့တွင် မူးယစ်ဆေးစွဲလူငယ်များ ရဲအရာရှိတစ်ဦးအား သတ်ဖြတ်နေပုံ။

### မူမမှန်တဲ့လှုပ်ရှားမှုတွေဖြစ်ပေါ်လာ

ဒီလိုကိစ္စမျိုးကို ပေါ်ပေါ်တင်တင်ဆောင်ရွက်ခဲ့တာမဟုတ်ဘဲ မူးယစ်ဆေးဝါးသုံးစွဲသူအချင်းချင်း အချိတ်အဆက်တွေနဲ့ ဆောင်ရွက်ခဲ့ကြတာဖြစ်ပြီး မူးယစ်ဆေးဝါးကို မသုံးစွဲလိုတဲ့လူငယ်တွေကတော့ မူးယစ်ဆေးဝါးကြောင့် ဆန္ဒပြပွဲတွေမှာ မူမမှန်တဲ့ လှုပ်ရှားမှုတွေဖြစ်ပေါ်လာတာကို မလိုလားကြတာကိုလည်း တွေ့ခဲ့ရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီး ဆန္ဒပြနေတဲ့လူငယ်တွေကတော့ သူတို့အချင်းချင်း နားလည်နိုင်တဲ့ သင်္ကေတတွေနဲ့ ဆိုရှယ်မီဒီယာပေါ်မှာ အချိတ်အဆက်တွေရှိကြသလို အင်တာနက်ပေါ်ကနေ ရောင်းဝယ်ဖောက်ကားမှုတွေ၊ ငွေကြေးထောက်ပံ့မှုရယူပြီး အခမဲ့ဖြန့်ဝေမှုတွေ လုပ်ကြပါတယ်။ ဒီလိုစိတ်ကြွဆေးပြား အခမဲ့ထောက်ပံ့ရတဲ့ရည်ရွယ်ချက်က လူငယ်ထုကို စွဲဆောင်ဖို့၊ ဆန္ဒပြရာမှာ ယာယီအမောခံနိုင်စေဖို့၊ ကြွေးကြော်သံတွေအော်နိုင်ဖို့နဲ့၊ ဗိုက်မဆာဖို့လို့ ဆိုကြပါတယ်။ ဒါပေမယ့် **နောက်ကွယ်က အမှန်တကယ်ရည်ရွယ်ချက်ကတော့ သာမန်ထက်လွန်ကဲတဲ့ စိတ်ဓာတ်တက်ကြွမှုတွေဖြစ်ပြီး ယခင်က မလုပ်ရဲတဲ့ အလုပ်တွေကို လုပ်ရဲလာအောင်၊ အကြမ်းဖက်မှုတွေကို မကြောက်မရွံ့ဆောင်ရွက်နိုင်လာအောင်နောက်ကွယ်က ပံ့ပိုးပေးသူတွေက ရည်ရွယ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော မြန်မာနိုင်ငံက ဆန္ဒပြမှုတွေကတော့ နောက်ကွယ်ကလူတွေ ဖြစ်စေချင်တဲ့အတိုင်း မူးယစ်ဆေးဝါးသုံးစွဲတဲ့လူငယ်များရဲ့ လှုပ်ရှားမှုများကြောင့် အကြမ်းဖက်မှုတွေဆီ ဦးတည်သွားခဲ့ပါတယ်။**

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မတ်လ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ၁၄ လမ်းဖြစ်စဉ်ကို မှတ်မိကြလိမ့်မယ်ထင်ပါတယ်။ တာဝန်ချိန်ပြင်ပမှာ ရဲအရာရှိတစ်ဦးကို ဓားနဲ့ထိုး၊ ပုဆိန်နဲ့ခုတ်၊ တာယာကွင်းပေါ်တင်ပြီး မသေမချင်း မီးရှို့သတ်လိုက်တဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ ဒီလိုကိုယ်နဲ့ မသိတဲ့လူတစ်ဦးကို ဝိုင်းဝန်းခုတ်သတ်ပြီး တာယာတွေပေါ် မီးတင်ရှို့ခြင်းကိစ္စကို ပျော်ရွှင်မြူးထူးစွာ ဆောင်ရွက်လိုက်ကြတဲ့ လူငယ်တော်တော်များများဟာ စိတ်ကြွဆေးပြား သုံးစွဲထားကြသူများ ဖြစ်နေတယ်ဆိုတာကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ခဲ့ရပါတယ်။

### စစ်ဆေးဖော်ထုတ်ချက်များအရ သိရှိရ

ဒ့ါအပြင် ဆန္ဒပြလူငယ်များနှင့် ဗုံးခွဲ၊ လူသတ်၊ အကြမ်းဖက်လုပ်နေတဲ့ လူငယ်အများစုဟာ မူးယစ်ဆေးဝါးတွေ သုံးစွဲပြီးလုပ်နေတယ်ဆိုတာကို အကြမ်းဖက်သမားများ ဖမ်းဆီးရမိတဲ့ဖြစ်စဉ်များမှ စစ်ဆေးဖော်ထုတ်ချက်များအရလည်း သိရှိရပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေနဲ့ မူးယစ်ဆေးဝါး ဆက်စပ်နေတဲ့ဖြစ်စဉ် မြောက်မြားစွာထဲက ထင်ရှားတဲ့ ဥပမာအချို့ကို ဖော်ထုတ်ပြချင်ပါတယ်။

ဩဂုတ်လ ၁၀ ရက်နေ့က ဗိုလ်တထောင်မြို့နယ် အမှတ် (၆) ရပ်ကွက် ၄၄ လမ်းမှာဖြစ်ခဲ့တဲ့ တိုက် (၃) လွှာကနေ ခုန်ချထွက်ပြေးလို့ တရားခံတချို့သေဆုံးခဲ့ရတဲ့ ဖြစ်စဉ်ကိုလည်း မှတ်မိကြမယ်ထင်ပါတယ်။ ဒီဖြစ်စဉ်မှာပါဝင်ခဲ့တဲ့ လူငယ်အများစုသည်လည်း မူးယစ်ဆေးဝါးသုံးစွဲသူတွေ ဖြစ်တယ်ဆိုတာကို သူတို့ရဲ့ကိုယ်တိုင်ထွက်ဆိုချက်တွေအရ သိရှိရပါတယ်။

ဩဂုတ်လ ၂၂ ရက်နေ့က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် “လရိပ်ချို” တည်းခိုခန်းမှာ ဖမ်းဆီးရမိတဲ့ မိုင်းထောင်ဖောက်ခွဲမှုနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်ခဲ့ကြတဲ့ တရားခံများနဲ့ ဆက်စပ်တရားခံတွေမှာလည်း WY စိတ်ကြွရူးသွပ်ဆေးပြားတွေ ဖမ်းဆီးရမိခဲ့ပြီး ဆေးစွဲနေကြသူတွေဖြစ်ပါတယ်။

အလားတူ ဩဂုတ်လ ၃၁ ရက်နေ့က မြန်မာ့အမျိုးသားကာကွယ်ရေးတပ်ဆိုပြီး အမည်ခံထားတဲ့ အဖွဲ့က ဒုတိယခေါင်းဆောင် စည်သူနဲ့ ဆက်စပ်တရားခံတွေကို ဖမ်းဆီးရမိတဲ့နေရာမှာလည်း WY စိတ်ကြွဆေးပြား ၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိတဲ့အတွက် သုံးစွဲတဲ့အဆင့်မကတော့ဘဲ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ မူးယစ်ဆေးဝါးကို ဖြန့်ဖြူးခဲ့တာကိုလည်း အထောက်အထားတစ်ခုအဖြစ် တွေ့ရှိရပါတယ်။

### စစ်ဆေးဖော်ထုတ်သိရှိ

စက်တင်ဘာလ ၂၀ ရက်နေ့က မရမ်းကုန်းမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တွေမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး သုံးဦးနဲ့ ရာအိမ်မှူးတစ်ဦးကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ တရားခံကိုးဦးဟာ မူးယစ်ဆေးဝါးသုံးစွဲပြီး ပုံမှန်အသိစိတ်ပျောက်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ် သိရှိရပါတယ်။

**ဆူပူဆန္ဒပြမှုတွေနဲ့ ဗုံးခွဲ၊ လူသတ်၊ အကြမ်းဖက်အဖျက်လုပ်ရပ်များလုပ်လို့ ဖမ်းဆီးထိန်းသိမ်းလိုက်ရတဲ့ တရားခံတွေထဲမှာ ပုံမှန်စိတ်အနေအထားမဟုတ်တဲ့သူတွေကို ဆေးစစ်ကြည့်လိုက်တဲ့အခါမှာ ၈၀ ရာခိုင်နှုန်းကျော်က မူးယစ်ဆေးသုံးစွဲထားတာကို တွေ့ရပါတယ်။ ဆူပူဆန္ဒပြပွဲတွေကို ဦးဆောင်နေတဲ့ Generation Z ဆိုတဲ့ လူငယ်တွေ၊ အကြမ်းဖက်လုပ်ရပ်တွေကို ရက်ရက်စက်စက်လုပ်နေတဲ့ PDF အမည်ခံလူငယ်အများစုဟာ ဆင်ခြင်တုံတရားကင်းမဲ့ပြီး ပုံမှန်လူတစ်ဦးမလုပ်နိုင်တဲ့အလုပ်တွေကိုလက်ရဲဇက်ရဲကျူးလွန်နေခြင်းရဲ့ အဓိကတရားခံက မူးယစ်ဆေးဝါးဖြစ်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်။** တစ်နည်းအားဖြင့် ဆူပူဆန္ဒပြပွဲတွေ၊ အကြမ်းဖက်လုပ်ရပ်တွေကို ကြိုးကိုင်နေတဲ့နောက်ကွယ်က စီစဉ်သူများဟာ လူငယ်တွေရဲ့ တက်ကြွတဲ့စိတ်ခံစားချက်ကို မူးယစ်ဆေးဝါးအသုံးပြုပြီး မြှင့်တင်မှုကြောင့် ယနေ့လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ ပိုမိုများပြားလာတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုလူငယ်ထုအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုမြင့်မားလာအောင်လုပ်ဆောင်ချက်ဟာ လူငယ်များအတွက် အလွန်အန္တရာယ်ရှိသလို တိုင်းပြည်ရဲ့အနာဂတ်အတွက်လည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့ ❖**



မူးယစ်ဆေးဝါးသုံးစွဲထားသည့် ဆူပူဆန္ဒပြလူငယ်များ၏ လှုပ်ရှားမှုများ။

**နောက်ကွယ်က အမှန်တကယ်ရည်ရွယ်ချက်ကတော့ သာမန်ထက်လွန်ကဲတဲ့ စိတ်ဓာတ်တက်ကြွမှုတွေဖြစ်ပြီး ယခင်ကမလုပ်ရဲတဲ့အလုပ်တွေကို လုပ်ရဲလာအောင်၊ အကြမ်းဖက်မှုတွေကို မကြောက်မရွံ့ဆောင်ရွက်နိုင်လာအောင် နောက်ကွယ်က ပံ့ပိုးပေးသူတွေက ရည်ရွယ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော မြန်မာနိုင်ငံက ဆန္ဒပြမှုတွေကတော့ နောက်ကွယ်ကလူတွေ ဖြစ်စေချင်တဲ့အတိုင်း မူးယစ်ဆေးဝါးသုံးစွဲတဲ့လူငယ်များရဲ့ လှုပ်ရှားမှုများကြောင့် အကြမ်းဖက်မှုတွေဆီ ဦးတည်သွားခဲ့ပါတယ်။**

❖ စာမျက်နှာ ၆ မှ

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးနှင့် အကြမ်းဖက်လုပ်ရပ်များ တိုက်ဖျက်ရေးအတွက် အကြမ်းဖက်မှုနှိမ်နင်းရေးနဲ့ နိုင်ငံတည်ငြိမ်မှု စစ်ဆင်ရေး (Counter–terrorism and Stability Operation) ကို ဆောင်ရွက်ရင်းနဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေးကို တစ်ပြိုင်တည်း လုပ်ဆောင်နေတာကို တွေ့နေရပါတယ်။ အထူးသဖြင့် နစကအစိုးရတာဝန် ယူပြီးနောက်ပိုင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တွေကို ယခင်အစိုးရအဆက်ဆက် အလေးထား လုပ်ဆောင်ခဲ့သလို နစကအစိုးရတာဝန်ယူတဲ့ ကိုးလ တာကာလအတွင်းမှာ ထိထိရောက်ရောက် လုပ်ဆောင်ခဲ့မှုကြောင့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များကို စံချိန်တင်ဖမ်းဆီးရမိတဲ့သတင်းများ ကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ မူးယစ် ဆေးဝါး ဖမ်းဆီးရမိမှုများက အောက်ဖော်ပြပါဇယား

| စဉ် | အမျိုးအမည် | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| ၁ | ဘိန်း (ကီလို) | ၁,၉၁၁.၃၂၃၀၆ | ၁,၉၁၁.၃၂၃၀၆ |
| ၂ | ဘိန်းဖြူ (ကီလို) | ၁,၈၁၁.၈၆၄၄၇၄ | ၅၄,၃၅၅.၉၃၄၂၂ |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား (ပြား) | ၁၆၁,၈၄၅,၀၈၇.၅ | ၄၈၅,၅၃၅.၂၆၂၅ |
| ၄ | အိုက်စ် (ကီလို) | ၁၂,၈၁၃.၇၇၆၀၈ | ၂၅၆,၂၇၅.၅၂၁၆ |
| ၅ | ဆေးခြောက်(ကီလို) | ၂၉၆.၇၃၆၈၆၃၁ | ၈၉.၀၂၁၀၆ |
| ၆ | ဘိန်းစာရွက်(ကီလို) | ၂,၂၀၅.၈၉၆၀၂ | ၂၂၀.၅၈၉၆ |
| ၇ | ဘိန်းစာမှုန့် (ကီလို) | ၆၈၀.၉၃၁၈၅၁ | ၁၀၂.၁၃၉၇၈ |
| | စုစုပေါင်းတန်ဖိုး (ကျပ်သန်း) | | ၇၉၈,၄၈၉.၇၉၁၈ (၇၉၈.၄ ဘီလီယံကျော်) |
| | စုစုပေါင်းတန်ဖိုး (အမေရိကန်ဒေါ်လာ) | | ၄၆၉.၆ သန်းကျော် |

အရ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဒီလိုတွေ မူးယစ်ဆေးဝါးဖမ်းဆီးရမိတာနဲ့အတူ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၃၁ ရက်နေ့အထိ မူးယစ်တရားခံ ကျား ၆,၁၈၂ ဦး နဲ့ မ ၇၂၃ ဦးကိုလည်း အရေးယူထားရှိတာကို တွေ့ရပါတယ်။

### ဟန်ပြဆောင်ရွက်နေ

ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို ကြည့်လိုက်ရင် မြန်မာနိုင်ငံရဲ့ ဘယ်အရပ်ဒေသမှာ ဖမ်းမိသည်ဖြစ်စေ၊ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး အားလုံးဟာ တိုင်းရင်းသားလက်နက်ကိုင်တွေ ကြီးစိုးတဲ့ဒေသတွေက ထွက်လာတာကို တွေ့ရပါ တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ၎င်းတို့ရှင်သန်ရပ်တည်ရေးအတွက် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းတွေအပေါ်မှာ မှီခိုနေရတာဖြစ်ပါ တယ်။ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို ဟန်ပြဆောင်ရွက်နေပေမယ့်လည်း နောက်ကွယ်မှာ တော့ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုတွေကို အကြီးအကျယ် လုပ်ကိုင်ဆောင်ရွက်နေကြတယ် ဆိုတာကို ဖမ်းဆီးရမိခဲ့တဲ့ သက်သေအထောက် အထားတွေအရ သိရှိရပါတယ်။

ဒါ့အပြင် ဒီနေ့နွေဦးတော်လှန်ရေးလို့ ခေါင်းစဉ် တပ်ပြီး အကြမ်းဖက်လုပ်ရပ်တွေ ကျူးလွန်နေတဲ့ နာမည်အမျိုးမျိုးနဲ့ဖွဲ့ထားတဲ့ PDF တွေကို အကြမ်း ဖက်သင်တန်းတွေပေးဖို့၊ လက်နက်ခဲယမ်းတွေ ထောက်ပံ့ပေးဖို့ကို တိုင်းရင်းသားလက်နက်ကိုင်တွေ ဟာ ဝင်ငွေပိုမိုရရှိဖို့အတွက် မူးယစ်ဆေးဝါးတွေကို ပိုမိုထုတ်လုပ်ရောင်းချနေတာကိုလည်း မြင်တွေ့ ကြားသိနေရပါတယ်။

တစ်နည်းအားဖြင့် အကြမ်းဖက်အဖွဲ့အစည်း အဖြစ် သတ်မှတ်ထားတဲ့ NUG နှင့် ချိတ်ဆက် ဆောင်ရွက်နေတဲ့ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဟာ NUG ရဲ့ နွေဦးတော်လှန်ရေး အောင်မြင်ဖို့အတွက် မူးယစ်ဆေးဝါးလုပ်ငန်းကနေ ရရှိတဲ့ ဝင်ငွေကိုအသုံးပြုပြီး PDF များအတွက် လိုအပ်တဲ့ လက်နက် ခဲယမ်းများရရှိရေး ပြည်ပ မူးယစ်ဂိုဏ်းများနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ရှိနေပါတယ်။

### NUG အဖွဲ့ကို ငွေကြေးထောက်ပံ့

ဒါ့အပြင် မူးယစ်ဆေးဝါးဝင်ငွေနဲ့ အဓိက ရပ်တည်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင်အချို့ ဟာ မူးယစ်ဆေးဝါးက ရရှိတဲ့ဝင်ငွေတွေနဲ့ NUG အဖွဲ့ကို ငွေကြေးထောက်ပံ့ အားပေးကူညီနေတဲ့ အပြင် NUG က စီစဉ်စေလွှတ်တဲ့ PDF အမည်ခံ လူငယ်များ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေ တွေကို ရောက်ရှိလာချိန်မှာ မူးယစ်ဆေးဝါးကို အလွယ်တကူသုံးစွဲလို့ရအောင် အခြေအနေဖန်တီး ပေးခဲ့ကြပါတယ်။ ဒါမှလည်း သူတို့ထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးတွေ သုံးစွဲသူများပြားလာပြီး ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာအောင် လုပ်ဆောင်နေခြင်းဖြစ်မယ်လို့ ယူဆရပါတယ်။ အဲဒီအချက် မှန်ကန်တယ်ဆိုတာကို တိုင်းရင်းသား နယ်မြေတွေမှာ အကြမ်းဖက်သင်တန်းတက်ပြီး ပြန်လာပြီးနောက် ဖမ်းဆီးရမိတဲ့ အကြမ်းဖက်သမား တွေရဲ့ ထုတ်ဖော်ဝန်ခံချက်တွေအရ သိရှိရပါတယ်။

အထက်မှာ တင်ပြထားသလို မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေဟာ မူးယစ် ဆေးဝါးနဲ့ ဆက်စပ်မှုရှိနေတယ်ဆိုတာကို နိုင်ငံ တကာက လေ့လာသူတွေရေးတဲ့ ဆောင်းပါးတွေ၊ မြေပြင်မှာလက်တွေ့ကြုံတွေ့နေရသူတွေနဲ့ ဖမ်းဆီး ရမိသူတွေရဲ့ ထွက်ဆိုချက်တွေက သက်သေပြနေ ပါတယ်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ လမှာ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိတဲ့ အရေ အတွက်က ၅ ဒသမ ၅ သန်းကျော်သာ ဖြစ်ပြီး ယခု ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ ဖမ်းဆီးရမိတဲ့အရေ အတွက်ဟာ ၂၃ ဒသမ ၇ သန်းကျော်ဖြစ်လို့ မနှစ်က နဲ့ ဒီနှစ်ကွာခြားချက်က ၁၈ ဒသမ ၁ သန်းကျော် လောက် ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဒီနှစ် တစ်နှစ်တည်းမှာကိုပဲ ဩဂုတ်လမှာ ဖမ်းဆီးရမိတဲ့ အရေအတွက်ထက် စက်တင်ဘာလမှာ ဖမ်းဆီးရမိ တဲ့ အရေအတွက်က ၅ ဒသမ ၇ သန်းကျော်လောက် ပိုလာတာကို တွေ့ရပါတယ်။ **ဒီလိုမြင့်တက်လာရတဲ့ အကြောင်းရင်းကို အဖြေကိုရှာကြည့်တော့ တရား မဝင် အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ NUG က နိုင်ငံတစ်ဝန်းလုံးမှာ အကြမ်းဖက်မှုတွေ အရှိန်မြှင့်ဖို့ စက်တင်ဘာလ ၇ ရက်နေ့မှာ D–Day ကြေညာခဲ့ ပြီးတဲ့နောက်ပိုင်း နိုင်ငံတစ်ဝန်းမှာ အကြမ်းဖက်မှု ဖြစ်စဉ်တွေ ပိုမိုများပြားလာတာနဲ့အမျှ စိတ်ကြွ ရူးသွပ်ဆေးပြား ရောင်းဝယ်ဖောက်ကားမှုနဲ့ သုံးစွဲ**

**မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေဟာ မူးယစ်ဆေးဝါးနဲ့ ဆက်စပ်မှု ရှိနေတယ်ဆိုတာကို နိုင်ငံတကာက လေ့လာသူတွေရေးတဲ့ ဆောင်းပါးတွေ၊ မြေပြင်မှာ လက်တွေ့ကြုံတွေ့နေရသူတွေနဲ့ ဖမ်းဆီးရမိသူတွေရဲ့ထွက်ဆိုချက်တွေက သက်သေပြနေ ပါတယ်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှာ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိတဲ့အရေအတွက်က ၅ ဒသမ ၅ သန်းကျော်သာဖြစ်ပြီး ယခု ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ ဖမ်းဆီးရမိတဲ့အရေအတွက်ဟာ ၂၃ ဒသမ ၇ သန်းကျော်ဖြစ်လို့ မနှစ်ကနဲ့ ဒီနှစ်ကွာခြားချက်က ၁၈ ဒသမ ၁ သန်းကျော်လောက် ဖြစ်တယ်ဆိုတာကို တွေ့ရ**

မှုတွေ ပိုမိုမြင့်တက်လာတာကို တွေ့ရှိရပါတယ်။ **အလားတူပဲ အခြားမူးယစ်ဆေးဖြစ်တဲ့ "အိုက်စ်" လို မူးယစ်ဆေးတွေလည်း ဒီနှစ်စက်တင်ဘာလမှာ ယမန်နှစ်ကထက် ကီလိုပေါင်းများစွာ ပိုမိုဖမ်းဆီးရမိ ခဲ့ပါတယ်။**

**ဒါတွေဟာ အကြမ်းဖက်မှုတွေဖန်တီးဖို့ မူးယစ် ဆေးဝါးရောင်းဝယ် ဖောက်ကားမှုတွေကနေ လိုအပ် တဲ့ ငွေကြေးအထောက်အပံ့တွေကို ရယူနေရုံတင် မကဘဲ လူငယ်တွေကိုဆင်ခြင်တုံတရားကင်းမဲ့စေပြီး အကြမ်းဖက်မှုတွေ ကျူးလွန်ဖို့ စိတ်ကြွမူးယစ်ဆေး တွေ အကူအညီနဲ့ပါ လုပ်ခိုင်းခဲ့တယ်ဆိုတာ ထင်ရှား နေပါတယ်။ ဒါကို ထပ်လောင်းသက်သေပြနေတာ ကတော့ အကြမ်းဖက်တိုက်ခိုက်သူတွေကို ဖမ်းဆီး မိတဲ့အခါ မူးယစ်ဆေးသုံးစွဲထားတာကိုပါ စစ်ဆေး တွေ့ရှိနေရတယ်ဆိုတာပါပဲ။**

ဒါကြောင့် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်ရေးနဲ့ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းစေရေးအတွက် တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး စဉ်ဆက်မပြတ် အလေးထား ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

### အကူပစ္စည်းအဖြစ် မသုံးစွဲစေရေး

တကယ်တော့ မြန်မာနိုင်ငံအတွက် မူးယစ် ဆေးဝါးအန္တရာယ်ဆိုတာ ဘယ်အစိုးရပဲတက်တက် ရင်ဆိုင်ဖြေရှင်းနေရမယ့် "အမျိုးသားရေးတာဝန်" ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံမှာ ဂိမ်းစွဲနေတဲ့ ဆယ်ကျော်သက်လူငယ်တချို့သည်လည်း အွန်လိုင်း ဂိမ်းတွေကို နေ့ညမပြတ်ကစားနိုင်ဖို့အတွက် မူးယစ် ဆေးဝါးကို အကူပစ္စည်းအဖြစ် မသုံးစွဲစေရေးနဲ့ ဆူပူဆန္ဒပြပွဲတွေမှာ အသုံးချခံ မူးယစ်သားကောင် တွေ မဖြစ်စေရေးအတွက် မိဘများအနေနဲ့ အထူး စောင့်ကြည့်ကြပ်မတ်ရမှာ ဖြစ်ပါတယ်။ မြန်မာ လူငယ်များသည် မြန်မာနိုင်ငံရဲ့အနာဂတ်များ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေ အနေအရ နိုင်ငံရေးအစွန်းရောက်တွေရဲ့ နိုင်ငံရေး ရည်မှန်းချက်အတွက် တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့ လူငယ်တွေရဲ့အသက်တွေ၊ ဘဝတွေကို မူးယစ် ဆေးဝါးအကူအညီနဲ့ အသုံးချနေကြတာကို ဝိုင်းဝန်း တားဆီးတိုက်ဖျက်ကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ ဒီဆောင်းပါးမှာ မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ဆူပူဆန္ဒပြမှုတွေနဲ့ အကြမ်းဖက်လုပ်ရပ်တွေရဲ့ နောက်ကွယ်မှာရှိနေတဲ့ မူးယစ်ဆေးဝါးပြဿနာတွေကို လွယ်လွယ်ကူကူနဲ့ မြင်သာအောင် မီးမောင်းထိုးပြလိုက်ရခြင်းဖြစ်ပါ တယ်။ NUG၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင် အချို့ရဲ့ သုံးပွင့်ဆိုင်အချိတ်အဆက်မှာ မူးယစ် ဆေးဝါးကို နွေဦးတော်လှန်ရေး ရန်ပုံငွေရရှိရေး အတွက်သာမက တိုင်းပြည်ရဲ့အနာဂတ်လူငယ်တွေ ကို လမ်းမှားရောက်အောင်အသုံးချနေတဲ့နောက်ကွယ် က အကြောင်းတရားတွေကို မှန်မှန်ကန်ကန် သိရှိ နားလည်ကြပြီး မြန်မာနိုင်ငံအတွက် အန္တရာယ် ကြီးမားတဲ့ မူးယစ်ဆေးဝါးကို ဝိုင်းဝန်း၊ ပူးပေါင်း တိုက်ဖျက်သွားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

### ရည်ညွှန်းချက်

၁။ **UNDOC report : opium production drops again in Myanmar as the synthetic drug market expands (2021). Retrieved on 31th October 2021 from** *https://www.unodc.org/southeastasiaandpacific/en/2021/02/ myanmar–opium–survey–report–launch/story.html*

၂။ **Mr. B.(2021). Witness account of the anatomy of 100 days unfolding crisis and Meth–head Militant Mob in Myanmar Retrieved from** *https://npnewsmm.com/news/60c467c47677404eb7269bf5*



ရှောင်မြို့နယ်၌ ငွေကျပ် ၁၂ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အိုက်စ် ၈၆၀ ကီလိုနှင့်အတူ တရားခံလေးဦး ဖမ်းဆီးရမိမှု။

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သော ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြု

**နေပြည်တော် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သော ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာပုံခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ကူညီပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများကို ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မုံရွာ နိုဝင်ဘာ ၇**

၂၀၂၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် ရွှေဘိုခရိုင် အမျိုးသားဖူဆယ်ဘောလုံးအသင်းနှင့် မုံရွာခရိုင် အမျိုးသားဖူဆယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ရွှေဘိုခရိုင်အသင်းက မုံရွာခရိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။




ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ဂိုးသမားအကောင်းဆုံး ရရှိသော အားကစားသမားအား ငွေသားဆုနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသော အားကစားသမားအား ငွေသားဆုနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက ပူးတွဲတတိယဆုရရှိသော ကောလင်းခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဒိုင်းဆုနှင့် ငွေသားဆုကျပ်နှစ်သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပူးတွဲတတိယဆု ရရှိသော စစ်ကိုင်းခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဒိုင်းဆုနှင့် ငွေသားဆုကျပ်နှစ်သိန်းကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဒုတိယဆုရရှိသော မုံရွာခရိုင် အမျိုးသားဖူဆယ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဒိုင်းဆုနှင့် ငွေသားဆု ကျပ်သုံးသိန်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆုရရှိသော ရွှေဘိုခရိုင် အမျိုးသား ဖူဆယ်ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမ်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း နေရပ်ပြန်မည့် တိုက်ပွဲရှောင် ပြည်သူများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တိုက်ပွဲရှောင် ပြည်သူ အိမ်ထောင်စု ၁၇၅ စုတို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တိုက်ပွဲရှောင် ပြည်သူ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။



အဆိုပါ နေရပ်ပြန်မည့် တိုက်ပွဲရှောင်ပြည်သူများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အမ်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးသည့် မော်တော်ယာဉ်များဖြင့် ၎င်းတို့၏နေရပ် အသီးသီးသို့ လိုက်ပါကူညီ ရွှေ့ပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းဘဲတန်းမြို့နယ်၌ မြေပဲဆီသန့်၊ နှမ်းဆီသန့်နှင့် နေကြာဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ပန်းဘဲတန်း နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မိုးဦးပန်းအထွေထွေ ရောင်းဝယ်ရေးသမဝါယမအသင်းမှ ပခုက္ကူမြို့နယ် သမဝါယမအသင်းစုနှင့်ချိတ်ဆက်ပြီး စားသုံးသူပြည်သူများ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြေပဲဆီသန့်၊ နှမ်းဆီသန့်နှင့် နေကြာဆီသန့် စုစုပေါင်းပိဿာချိန် ၁၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသမဝါယမအသင်းများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၃)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်၉နာရီက ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၃) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ နောက်ခံသမိုင်းကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၏ အရေးပါရှိမှု၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ကောင်းမွန်သော အစဉ်အလာများနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ဆက်လက် ရှင်သန်ရပ်တည်နိုင်ရေး အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အမှုထမ်း၊ အရာထမ်း စုစုပေါင်း ၂၃၆ ဦးအတွက် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဥဿာသီရိ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ အမှူးပြုသော သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၇-၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 2 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 3 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 4 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 5 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 6 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 7 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 8 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 9 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 10 | Injection – Remdesivir | Vial | 70000 | GHI |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၇**

တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

**ပို့ဆောင်**

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ကာကွယ်ဆေး doses ၂၀၆၁၇၅၊ Sinovac ကာကွယ်ဆေး doses ၂၃၉၁၅၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့သို့ Sinopharm ကာကွယ်ဆေး doses ၂၀၅၀၂၀၊ Sinovac ကာကွယ်ဆေး doses ၁၂၀၃၀၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Sinopharm ကာကွယ်ဆေး doses ၁၈၀၀၀၊ Sinovac ကာကွယ်ဆေး doses ၆၉၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Sinopharm ကာကွယ်ဆေး doses ၇၄၅၀၀၊ Sinovac ကာကွယ်ဆေး doses ၆၀၁၆၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ Sinopharm ကာကွယ်ဆေး doses ၇၁၅၀၅၊ Sinovac ကာကွယ်ဆေး doses ၂၈၆၀၊ မြိတ်မြို့သို့ Sinopharm ကာကွယ်ဆေး doses ၈၃၀၀၅၊ Sinovac ကာကွယ်ဆေး doses ၁၇၀၀၀၊ ကော့သောင်းမြို့သို့ Sinopharm ကာကွယ်ဆေး doses ၄၅၆၇၀၊ Sinovac ကာကွယ်ဆေး doses ၅၀၀၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm ကာကွယ်ဆေး doses ၁၈၃၆၀၀၊ Sinovac ကာကွယ်ဆေး doses ၈၇၇၇၂၊ သံတွဲမြို့သို့ Sinopharm ကာကွယ်ဆေး doses ၁၂၈၀၅၀၊ Sinovac ကာကွယ်ဆေး doses ၆၀၀၀၀နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ Sinopharm ကာကွယ်ဆေး doses ၅၅၀၀၀ တို့ကို မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းမအပ်၊ ကျောင်းမတက်ရေး လှုံ့ဆော်နေသူများသို့ . . .

မျိုးငြိမ်းငယ်

**ကျောင်းသားလူငယ်တွေ ပညာရှာကြ၊ ပညာသင်ကြ၊ ကျောင်းတွေတက်ကြတာဟာ နိုင်ငံရေးအတွက်မဟုတ်ပါဘူး။ လူငယ်တွေအနာဂတ်ဘဝ၊ နိုင်ငံရဲ့အနာဂတ်ဘဝတွေ အတွက်ပဲဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အကျိုးစီးပွားအတွက် မဟုတ်ပါဘူး။ မျက်တောင်မွေးတစ်ဆုံး မြင်တတ်ဖို့ထက် မျက်စိတစ်ဆုံး မြင်တတ်ကြဖို့ အကြံပြုပါရစေ။ ဒါကိုကိုယ်ကျိုးသမားတွေ၊ နိုင်ငံရေးအသုံးချလိုသူတွေနဲ့ သူတစ်ပါးကြိုးဆွဲရာကနေသူတွေရဲ့အတ္တဆန္ဒနောက် ဝေလေလေမဖြစ်ကြဖို့ တိုက်တွန်းလိုပါတယ်။ သူ့အကျိုး၊ ကိုယ့်အကျိုး၊ အများအကျိုးအကြား မှန်ကန်တဲ့ရွေးချယ်မှု၊ ဆုံးဖြတ်မှု၊ လုပ်ဆောင်မှု ဖြစ်ဖို့လိုအပ်**

နိုဝင်ဘာလ ၁ ရက်နေ့က အခြေခံပညာကျောင်းတွေ ပြန်ဖွင့်ပါပြီ။ ကိုဗစ် – ၁၉ ကြောင့် ကျောင်းတွေ ပိတ်ထားရတာလည်း လေးလကျော်ကြာခဲ့ပါတယ်။ ယခင်ကလည်း ၂၀၂၀ ပြည့်နှစ်ထဲမှာ ကိုဗစ်ဖြစ်လို့ တစ်နှစ်ကျော်ပိတ်ထားခဲ့ရပါတယ်။ ဒီကာလ အတွင်းမှာ ကျောင်းသား ကျောင်းသူတွေရဲ့ နေ့စဉ်ဘဝတွေ ဘယ်လိုဖြတ်သန်းနေကြသလဲ၊ အနာဂတ်တွေဆိုတာ ဘယ်လိုဖြစ်လာမယ်ဆိုတာ မှန်းဆကြည့်ဖို့ ခက်ခဲခဲ့ပါတယ်။

**ကျန်းမာရေးနဲ့ ပညာရေး**

တတ်နိုင်တဲ့သူတွေ၊ ငွေကြေးကြွယ်ဝပြည့်စုံတဲ့ သူတွေရဲ့သားသမီးတွေကတော့ နိုင်ငံခြားပို့ပြီး ကျောင်းတက်ကြ၊ အွန်လိုင်းကနေ သင်ကြနဲ့ သားသမီးတွေရဲ့အနာဂတ်ကို ဖန်တီးနိုင်ကြပါတယ်။ ဒါပေမဲ့ အများစုသောသာမန်မိသားစုတွေ အတွက်ကတော့ သားသမီးတွေရဲ့ ပညာရေး အနာဂတ်ဆိုတာ မရေရာမှုတွေနဲ့ ဖြတ်ကျော်နေကြရတာပါ။ ကိုဗစ် – ၁၉ ကြောင့် ကျောင်းတွေ ပိတ်ထားရတာမို့ ကျန်းမာရေးနဲ့ ပညာရေးအကြား ကျန်းမာရေးကို ဦးစားပေးခဲ့ကြရပါတယ်။ ကိုဗစ်ကြောင့် ကျောင်းတွေပိတ်ထားရတယ်ဆိုတာက လည်း မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာ မဟုတ်ပါဘူး။ ကမ္ဘာမှာ ကိုဗစ် – ၁၉ ခံစားရတဲ့ နိုင်ငံတိုင်း ဖြစ်နေတာပါ။ ဒီတော့ ဒီဂယက်ကို လူအများစု တွေ့ကြုံခံစားခဲ့ကြရပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံဆိုတာ သူများနိုင်ငံတွေနဲ့ မတူညီတာတွေ အများကြီးပါ။ ဒီတော့ ပညာရေးဆိုတာ နိုင်ငံရဲ့အနာဂတ်ဖြစ်သလို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တွေရဲ့ အနာဂတ်လည်း ဖြစ်ပါတယ်။ ပညာမတတ်ရင် ဖြစ်လာမယ့် နောက်ဆက်တွဲအကျိုးဆက်တွေ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာ ထွေထွေထူးထူးပြောစရာကို မလိုပါဘူး။ ပညာတတ်တဲ့ လူငယ်လူရွယ်နဲ့ ပညာတတ်တဲ့ နိုင်ငံတွေရဲ့အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသာနိုင်တဲ့အချက်ဖြစ်ပါတယ်။

အခုလိုအချိန် နိုင်ငံအတွက် အခြေခံလိုအပ်ချက် ပညာရေးအတွက် ကျောင်းတွေဖွင့်လို့ ကျောင်းသား ကျောင်းသူတွေ ကျောင်းအပ်တာ၊ ကျောင်းတက်တာကို ကျောင်းမအပ်နဲ့ဖို့၊ မတက်ရောက်ကြဖို့ အခြေခံပညာ ကျောင်းသားများရေးရာအဖွဲ့ချုပ် (အ.က.ရ) က ပူးတွဲတိုက်တွန်းနှိုးဆော်ချက် ထုတ်ပြန်ကြောင်း သတင်းမီဒီယာကြီးတစ်ခုက ဖော်ပြထားတာ တွေ့ရပါတယ်။ အံ့ဩလို့မဆုံးပါဘူး။ အဲဒါကို တချို့သတင်းမီဒီယာတွေက ဖော်ပြပေးနေတာ တွေ့ရပါတယ်။ ဘယ်လိုရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ စဉ်းစားဉာဏ်တွေနဲ့ ပြောကြသလဲလို့ သိချင်မိပါတယ်။

ဒီနေရာမှာ နိုင်ငံရေးနဲ့ပညာရေး ခွဲခြားမြင်ကြဖို့ လိုပါတယ်။ နေရာတကာ ကျားကျားမီးယပ်ဆိုတဲ့ အတွေးအခေါ်နဲ့ကတော့ ဒီမိုကရေစီဆိုတာ အဝေးကြီးမှာပဲ ရှိနေပါလိမ့်ဦးမယ်။ ကျောင်းသားတွေ ကျောင်းတက်တာဟာ ဘယ်သူ့ကိုမှ အားပေးတာ မဟုတ်သလို ဘယ်သူ့ကိုမှ ဆန့်ကျင်တာမဟုတ်ပါဘူး။ ကျောင်းသားက ကျောင်းသားအလုပ်လုပ်နေခြင်းပဲဖြစ်ပါတယ်။ နောက်ပြီး အခုကျောင်းတက်နေကြတဲ့ ကျောင်းသားလူငယ်တွေက အခြေခံပညာ ကျောင်းသား ကျောင်းသူလေးတွေပါ။ လူငယ်လေးတွေကို နိုင်ငံရေးအရောင်တွေ ဆိုးသင့်သလား၊ မဆိုးသင့်ဘူးလားဆိုတာ ကိုယ်ချင်းစာတရားနဲ့ ချင့်ချိန်စဉ်းစားကြစေချင်ပါတယ်။

**ပညာသင်ကြားရေးဟာ အခြေခံလိုအပ်ချက်**

မနိုင် နိုင်ရာလုပ်ချင်လို့ ငါ့မြင်းကို သူတစ်နေကုန်စီးတာ သူ့လှေကို ငါတစ်နေကုန် ပြန်လှော်လိုက်မယ်ဆိုတာဟာ ဖြစ်သင့်လား၊ မဖြစ်သင့်ဘူးလား၊ လုပ်သင့်လား၊ မလုပ်သင့်ဘူးလားနဲ့ ဖြစ်လာမယ့် အကျိုးဆက်ကို မစဉ်းစားတတ်တဲ့ နိမ့်ကျတဲ့အတွေးအခေါ်နဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ တကယ်ကို နိုင်ငံပြောင်းလဲစေချင်တယ်၊ တိုးတက်စေချင်တယ်ဆိုရင် ပညာတတ်တွေ၊ အတွေးအခေါ်မြင့်မားတဲ့သူတွေ၊ တီထွင်ဖန်တီးသူတွေ၊ ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ပေး၊ ပြုစုပျိုးထောင်ပေးကြရမှာပါ။ ဒီလို လူသားရင်းမြစ်တွေ မွေးထုတ်ဖို့ ပညာသင်ကြားရေးဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။

ကျောင်းသားတွေရဲ့ ပညာသင်ကြားရေးကို ဟန့်တားလို့၊ နှောင့်ယှက်လို့ ပညာရေးမျိုးဆက်တွေ ပြတ်သွားခဲ့ရင် နောင်ဖြစ်လာမယ့်ဆယ်စုနှစ်တွေမှာ ဘယ်လိုလူမျိုးတွေနဲ့ နိုင်ငံကို ခရီးဆက်ကြမလဲဆိုတာ စဉ်းစားကြစေချင်ပါတယ်။ ကျောင်းသားလူငယ်တွေရဲ့အသက်တွေဆိုတာ ရပ်ထားလို့မရပါဘူး။ အခု ကျောင်းမတက်နဲ့ ကျောင်းမအပ်နဲ့ဆိုရင် ဘယ်ပညာရေးကို သင်ရမလဲ။ ဘယ်သူတွေက တာဝန်ယူဦးဆောင်မှာလဲ။ ဒီပညာရေးကို မသင်ကြနဲ့ဆိုရင် ဘယ်ပညာရေးကို သင်ရမလဲဆိုတာ အဖြေကို တစ်ခါတည်းပြောဖို့၊ လက်တွေ့လုပ်ပြဖို့ လိုပါလိမ့်မယ်။ ဒီအလုပ်က လေနဲ့လုပ်ရတဲ့အလုပ် မဟုတ်ပါဘူး။ သူများလုပ်တာမကြိုက်ရင် ကိုယ်တိုင်လုပ်ပြနိုင်တဲ့ အရည်အချင်းရှိဖို့ လိုအပ်ပါတယ်။

ကိုယ့်တစ်ဦးတစ်ယောက်တည်းက ပညာရေးကို မယုံကြည်ရင် ကိုယ်တစ်ယောက်တည်းပဲ ကျောင်းမတက်ဘဲ၊ ပညာမသင်ဘဲ နေနိုင်ပါတယ်။ ဒါပေမဲ့ အခြားပညာလိုလားတဲ့သူတွေ၊ ပညာရှာလိုတဲ့သူတွေကိုတော့ မဟန့်တား၊ မနှောင့်ယှက်ရပါဘူး။ ကိုယ့်ကြောင့် သူတစ်ပါးဘဝတွေ ပျက်စီးအောင် မလုပ်သင့်၊ မလုပ်အပ်ပါဘူး။ ကျောင်းသားလူငယ်လေးတွေဆိုတာ နုနယ်လှပါတယ်။ မျှော်လင့်ချက်တွေ၊ အနာဂတ်တွေ ရှိပါတယ်။ တစ်ချိန်မှာ နိုင်ငံတော်ကို သူတို့လက်ထဲ လွှဲခဲ့ကြရမှာပါ။ အဲဒီအချိန်မှာ ပညာတတ်တွေလက်ထဲ နိုင်ငံကို ထည့်ထားခဲ့ဖို့ လိုပါတယ်။ ဒါကြောင့် အခုအချိန်မှာ သူတို့တစ်တွေကို ရှေ့မျိုးဆက်တွေက လမ်းကြောင်းမှန်ပေါ်ရောက်အောင် ခေါ်ကြမှာလား၊ လမ်းမှားတွေဆီ ပို့ကြမှာလား ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြပါလို့ တိုက်တွန်းပါရစေ။

နောက်ပြီး **ကျောင်းမတက်ကြနဲ့၊ ကျောင်းမအပ်ကြနဲ့လို့ အခုပြောနေတဲ့သူတွေရော၊ အဲဒီ သတင်းဖြန့်နေတဲ့ မီဒီယာတွေကရော ကျောင်းသားလူငယ်တွေ အနာဂတ်ပညာရေးအတွက် ဘာတွေလုပ်ပေးထားကြလို့လဲ၊ ပညာရေးအတွက် ဘာတွေလက်တွေ့ကျကျ လုပ်ပေးနေပြီလဲဆိုတာ မေးချင်ပါတယ်။ လေထဲမှာအိမ်ဆောက်သလို လူကြားကောင်း တရားနာနေရုံနဲ့တော့ ဘာမှလက်တွေ့ဖြစ်မလာနိုင်ပါဘူး။ နိုင်ငံရေးဝါဒဖြန့်ဖို့သက်သက်နဲ့ အပြောနဲ့သက်သေ မပြကြပါနဲ့၊ အလုပ်နဲ့လက်တွေ့ပြတာ မြင်ချင်ပါတယ်။ အပြောသက်သက်တွေကတော့ နိုင်ငံရေးနဲ့ မသက်ဆိုင်တဲ့ပညာရေးနဲ့ ကျောင်းသားလူငယ်တွေကို ဖျက်ဆီးတဲ့လုပ်ရပ်သက်သက်ပဲ ဖြစ်ပါတယ်။**

**ဒီမိုကရေစီအနှစ်သာရတစ်ခု**

နောက်ပြီး ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ကြတယ်ဆိုရင်လည်း ဒီမိုကရေစီသဘောကို နားလည်စေချင်ပါတယ်။ ကိုယ့်ဘာသာကျောင်းမတက်ခြင်းဟာ တစ်ဦးတည်းရဲ့ လွတ်လပ်တဲ့ဆန္ဒနဲ့ ဆုံးဖြတ်ချက်ဖြစ်တဲ့အတွက် အငြင်းပွားစရာမရှိပေမယ့် သူတစ်ပါးတွေကို ကျောင်းမတက်နဲ့ ကျောင်းမအပ်နဲ့ဆိုတာကတော့ သူတစ်ပါးအပေါ် ထိခိုက်စေတာမို့ ဒီမိုကရေစီကို ဆန့်ကျင်ခြင်းပဲဖြစ်ပါတယ်။ မတူကွဲပြားမှုကို နားလည်လက်ခံနိုင်တာ၊ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိတာဟာ ဒီမိုကရေစီအနှစ်သာရတစ်ခုဖြစ်ပါတယ်။ ကျောင်းမတက်ဖို့ပြောနေတဲ့သူတွေနဲ့ လွတ်လပ်စွာ သဘောထားကွဲလွဲချင်ပါတယ်။ ပညာရေးဟာ နိုင်ငံအတွက် ဘုံအကျိုးစီးပွားအတွက်ဖြစ်လို့ အခုလိုသဘောထားကွဲလွဲနေခြင်းဖြစ်ပါတယ်။

ကျောင်းမတက်နဲ့လို့ ပြောနေတဲ့သူတွေ ကျောင်းမတက်ကြပါနဲ့၊ ပညာမသင်ကြပါနဲ့၊ မလေ့လာကြပါနဲ့။ မတားပါဘူး။ လွတ်လပ်စွာ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ အခြားကျောင်းသားလူငယ်တွေကိုတော့ ကိုယ်တိုင်လည်း မဖျက်ဆီးကြနဲ့၊ ဖျက်ဆီးနေတဲ့သူတွေကိုလည်း အားမပေးကြပါနဲ့။ ဒါဟာ လူတစ်ယောက်ရဲ့ အခြေခံရပိုင်ခွင့်ဖြစ်တဲ့ လွတ်လပ်စွာပညာသင်ကြားခွင့်ဖြစ်လို့ပါပဲ။ ဒါဟာ ဒီမိုကရေစီရဲ့အနှစ်သာရအရဖြစ်ပါတယ်။ အဲဒီလို ဒီမိုကရေစီအလေ့အကျင့်နဲ့ အနှစ်သာရကိုတောင် ဖင်နဲ့ခေါင်း မခွဲတတ်တဲ့သူတွေက ဒီမိုကရေစီလိုလားတယ်လို့ပြောနေခြင်းဟာ ဒီမိုကရေစီနဲ့ လူထုကို ဖြားယောင်းခြင်း၊ မျှော်လင့်ချက်အမှား ပေးခြင်းနဲ့ အသုံးချခြင်းသက်သက်တွေပါပဲ။

**ကျောင်းမတက်နဲ့လို့ ပြောနေတဲ့သူတွေ ကျောင်းမတက်ကြပါနဲ့၊ ပညာမသင်ကြပါနဲ့၊ မလေ့လာကြပါနဲ့။ မတားပါဘူး။ လွတ်လပ်စွာလုပ်နိုင်ပါတယ်။ ဒါပေမဲ့ အခြားကျောင်းသားလူငယ်တွေကိုတော့ ကိုယ်တိုင်လည်းမဖျက်ဆီးကြနဲ့၊ ဖျက်ဆီးနေတဲ့သူတွေကိုလည်း အားမပေးကြပါနဲ့။ ဒါဟာလူတစ်ယောက်ရဲ့ အခြေခံရပိုင်ခွင့်ဖြစ်တဲ့ လွတ်လပ်စွာပညာသင်ကြားခွင့်ဖြစ်လို့ပါပဲ။ ဒါဟာဒီမိုကရေစီရဲ့ အနှစ်သာရအရဖြစ်ပါတယ်။ အဲဒီလို ဒီမိုကရေစီအလေ့အကျင့်နဲ့ အနှစ်သာရကိုတောင် ဖင်နဲ့ခေါင်း မခွဲတတ်တဲ့သူတွေက ဒီမိုကရေစီလိုလားတယ်လို့ ပြောနေခြင်းဟာ ဒီမိုကရေစီနဲ့ လူထုကို ဖြားယောင်းခြင်း၊ မျှော်လင့်ချက်အမှားပေးခြင်းနဲ့ အသုံးချခြင်းသက်သက်တွေပါပဲ**

**ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ**

ဒီနေ့တိုးတက်တဲ့ အင်အားကြီးနိုင်ငံတွေ နိုင်ငံကို ဘာနဲ့တည်ဆောက်ကြသလဲ။ ပညာခေတ်ဆိုတဲ့ ကာလကြီးမှာ ပညာမသင်ကြနဲ့၊ ကျောင်းမသွားကြနဲ့၊ ကျောင်းမတက်ကြနဲ့ဆိုတဲ့ အတွေးတွေ၊ အပြောတွေ၊ လုပ်ရပ်တွေအတွက် ပြောစရာစကားရှာမရပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ ကမ္ဘာ့အင်အားကြီး နိုင်ငံတွေတောင် ပညာနဲ့နိုင်ငံတော်ကို တည်ဆောက်နေချိန်မှာ အခုကျောင်းမတက်ကြနဲ့၊ ကျောင်းမအပ်ကြနဲ့လို့ ပြောနေသူတွေ၊ ဖြန့်ဝေနေတဲ့မီဒီယာတွေက မြန်မာနိုင်ငံတော်ကြီးကို ဘာနဲ့တည်ဆောက်ချင်ကြသလဲ မစဉ်းစားတတ်ပါဘူး။ လူသားရင်းမြစ်တွေ၊ ကျွမ်းကျင်အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ မြန်မာနိုင်ငံမှာ ပြည့်စုံလုံလောက်နေပြီလား စဉ်းစားစရာပါပဲ။

နောက်တစ်ခုက **ကျောင်းသားလူငယ်လူရွယ်တွေရဲ့ အနာဂတ်ခရီးကို ထည့်သွင်းစဉ်းစားကြဖို့ပါ။ အခုကျောင်းတက်နေတဲ့ ကျောင်းသားလူငယ်လူရွယ်တွေ ကျောင်းမတက်ကြရရင်၊ ကျောင်းမအပ်ရင် ဘာလုပ်ကြရမှာလဲဆိုတဲ့မေးခွန်းကို ဖြေပေးစေချင်ပါတယ်။ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ဖြစ်စေ၊ ကျောင်းသားလူငယ်တစ်ယောက်အနေနဲ့ဖြစ်စေ ကိုယ်ချင်းစာတရားနဲ့ ဝင်ရောက်စဉ်းစားပေးဖို့ လိုပါလိမ့်မယ်။ ကျောင်းသားလူငယ်တွေဆိုတာ နိုင်ငံရေးရဲ့ ရုပ်သေးရုပ်တွေမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကြီးပြင်းကျင်လည်ခဲ့တဲ့ ခေတ်တောင်မှ ကျောင်းမတက်ဘဲ နေခဲ့ကြသလား။ ပညာဆိုတာ အသုံးချတတ်ရင် ဘယ်နေရာမဆို အသုံးဝင်ပါတယ်။ ကိုယ်တိုင်က ပညာတတ်ဖို့ပဲလိုပါတယ်။ ပညာမတတ်ရင်သာ အကောင်းအဆိုး စဉ်းစားတွေးခေါ်မှုနဲ့ အကျိုးဆက်ကို နားမလည်နိုင်ဘဲ သူတစ်ပါးကြိုးဆွဲရာ ကနေကြရတာပါ။**

ဒီတော့ ကျောင်းသားလူငယ်တွေ ပညာရှာကြ၊ ပညာသင်ကြ၊ ကျောင်းတွေ တက်ကြတာဟာ နိုင်ငံရေးအတွက်မဟုတ်ပါဘူး။ လူငယ်တွေ အနာဂတ်ဘဝ၊ နိုင်ငံရဲ့အနာဂတ်ဘဝတွေအတွက်ပဲ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အကျိုးစီးပွားအတွက် မဟုတ်ပါဘူး။ မျက်တောင်မွေး တစ်ဆုံး မြင်တတ်ဖို့ထက် မျက်စိတစ်ဆုံးမြင် တတ်ကြဖို့ အကြံပြုပါရစေ။ ဒါကို ကိုယ်ကျိုးသမားတွေ၊ နိုင်ငံရေး အသုံးချလိုသူတွေနဲ့ သူတစ်ပါးကြိုးဆွဲရာကနေသူတွေရဲ့ အတ္တဆန္ဒနောက် ဝေလေလေမဖြစ်ကြဖို့ တိုက်တွန်းလိုပါတယ်။ သူ့အကျိုး၊ ကိုယ့်အကျိုး၊ အများအကျိုး အကြား မှန်ကန်တဲ့ရွေးချယ်မှု၊ ဆုံးဖြတ်မှု၊ လုပ်ဆောင်မှု ဖြစ်ဖို့လိုအပ်ပါကြောင်း တိုက်တွန်းပါရစေ။ ။

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၈၅၃ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ နိုဝင်ဘာ ၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၈၅၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၃၅၅၅၃၆ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၂၆ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၆၀၇၉၁ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၄၄၈၄၅ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၂၄၃၂ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၇၄၉၉၀၀ ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၂၉ သန်း ထိုးနှံပေးပြီးဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၂၉၄၄၂၅၀၈ လုံးထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းသို့ ကာကွယ်ဆေးအလုံးရေ ၅၃၃၀၁၉၅၄၅ လုံး ဖြန့်ချိပေးထားကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့သတင်းထုတ်ပြန်သည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်သူ ၂၂၃၂၄၅၁၂၂ ဦးသည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၁၉၃၆၂၇၉၂၉ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက်ရှိသည်။

ထို့ပြင် ပြည်သူ ၂၃ ဒသမ ၂ သန်းသည် တတိယအကြိမ် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူထားပြီးဖြစ်သည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အမေရိကန် ကျန်းမာရေးအာဏာပိုင်များက ထပ်ဆောင်းထိုးနှံမှုခံယူရန် အောက်တိုဘာ ၂၀ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးမြှင့်ရန် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့ သဘောတူညီ

**တီဟီရန် နိုဝင်ဘာ ၇**

အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးမြှင့်ရန် သဘောတူညီခဲ့ကြကြောင်း အီရန်နိုင်ငံ စက်မှု၊ သတ္တုတွင်းနှင့် ကုန်သွယ်ရေးဝန်ကြီး ရီဇာဖာတီမီအာမင်က ယမန်နေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို ပါကစ္စတန်နိုင်ငံနှင့်အတူ ဖယ်ရှားရန် အသင့်ရှိပါကြောင်း အီရန်နိုင်ငံ၏ မြို့တော်တီဟီရန်၌ ကျင်းပသည့် (၉)ကြိမ်မြောက် အီရန်-ပါကစ္စတန် ပူးတွဲကုန်သွယ်မှုကော်မတီ အစည်းအဝေးတွင် အီရန်နိုင်ငံ စက်မှု၊ သတ္တုတွင်းနှင့် ကုန်သွယ်ရေးဝန်ကြီး ရီဇာဖာတီမီအာမင်က ပြောကြားသည်။

ပါကစ္စတန်စီးပွားရေးလုပ်ငန်းရှင်များအတွက် အီရန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေမည့် တိကျသော အစီအစဉ်တစ်ခု လိုအပ်သည်ဟုလည်း နှစ်နိုင်ငံစလုံးက အလေးထားပြောကြားခဲ့ကြောင်း ရီဇာဖာတီမီအာမင်က ပြောကြားသည်။

အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာအခက်အခဲများကို ဖြေရှင်းရန် ဆက်ဆံရေးရုံးနှစ်ရုံး တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရုံးနှစ်ရုံးတည်ဆောက်မှုကို သုံးလအတွင်း ပြီးစီးမည်ဟု အီရန်နိုင်ငံက မျှော်လင့်ထားကြောင်း ရီဇာဖာတီမီအာမင်က ထပ်လောင်းပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံသဘောတူညီထားခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာအစီအစဉ်များကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းလည်း ရီဇာဖာတီမီအာမင်က မှတ်ချက်ပြုပြောကြားသည်။

အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်း၍ အထူးပြုလုပ်ငန်းအဖွဲ့အစည်းများကို ဖွဲ့စည်းရန် စီစဉ်ထားပြီး အဆိုပါလုပ်ငန်းအဖွဲ့အစည်းများက ဘဏ်လုပ်ငန်း၊ အကောက်အခွန်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းနှင့် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးချဲ့ထွင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၆၉၃ ဦး ထပ်မံတွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၇**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၆၉၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၂၇၂၀၆၆ ဦး ရှိလာပြီဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၅၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၁၇၄၃ ဦးရှိလာသည်။

လက်ရှိတွင် ဆေးရုံများ၌ ဆေးကုသမှုခံယူနေသူ ၉၁၆၀ ရှိကြောင်း သိရသည်။

ဗြိတိန်အစိုးရက ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော်လည်း ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

အသက် ၁၂ နှစ်နှင့်အထက် ပြည်သူ ၈၇ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ၁၆ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံများက ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ ဂီတပွဲတော်တစ်ခု၌ လူအုပ်ပြိုကျမှုကြောင့် ရှစ်ဦးအနည်းဆုံးသေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကျင်းပသည့် ဂီတပွဲတော်တစ်ခုတွင် လူအုပ်ပြိုကျမှုကြောင့် ရှစ်ဦးအနည်းဆုံး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါဂီတပွဲတော်ကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက် နှစ်ရက်တာကျင်းပခဲ့သည်။

ဂီတပွဲတော်၏ ဖွင့်ပွဲညသို့ ပရိသတ် ၅၀၀၀၀ ခန့် လာရောက်ကြည့်ရှုကြသည်။




အခင်းဖြစ်ပွားပုံမှာ ရက်ပ်ပါစတား ထရာဗစ်စကော့ သီဆိုဖျော်ဖြေစဉ် လူငယ်တစ်စုက ပရိသတ်များအကြား တိုးဝှေ့ကာ စင်တင်ခုံအရှေ့သို့ သွားရောက်စဉ် ပရိသတ်အချင်းချင်း စုပြုံတိုးမှုကြောင့် လူအုပ်ပြိုကျမှုဖြစ်ပွားကာ ရှစ်ဦးအနည်းဆုံး သေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထိခိုက်ဒဏ်ရာ ရရှိသူများကို ကယ်ဆယ်ရေးအဖွဲ့များက နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အာဖဂန်နစ္စတန်နိုင်ငံအား အထောက်အပံ့များပေးရန် ဥဇဘက်ကစ္စတန်သမ္မတ ကတိပြု

**တက်ရှ်ကန့် နိုဝင်ဘာ ၇**

ဥဇဘက်ကစ္စတန်နိုင်ငံသည် အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံအား တတ်နိုင်သမျှအထောက်အပံ့များ ပေးသွားမည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတ ရှက်ဗ်ကတ်မီယာဇီယိုယက်ဗ်က ကတိကဝတ်ပြု ပြောကြားသည်။

ဥဇဘက်ကစ္စတန်သမ္မတသည် ယမန်နေ့တွင် ပြုလုပ်သည့် ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ရှက်ဗ်ကတ်မီယာဇီယိုယက်ဗ်သည် မဲအရေအတွက်အားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ဖြင့် အောက်တိုဘာ ၂၄ ရက် ရွေးကောက်ပွဲတွင် အနိုင်ရရှိကာ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဥဇဘက်ကစ္စတန်သမ္မတက မိမိနိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပြန်လည်ရရှိရေးကို အကူအညီပေးရန် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် မတည်မငြိမ်ဖြစ်လျက်ရှိနေဆဲဖြစ်ပြီး ယင်းမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရာတွင် ဥဇဘက်ကစ္စတန်သမ္မတ ရှက်ဗ်ကတ်မီယာဇီယိုယက်ဗ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ထို့ပြင် ဥဇဘက်ကစ္စတန်နိုင်ငံသည် အစ္စလာမ္မစ်အစွန်းရောက်များနှင့် မူးယစ်ဆေးဝါးများ နိုင်ငံအတွင်း ဝင်ရောက်လာနိုင်သည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၇၀၁ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၇**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၀၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅၀၁၉၆၆ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**သေဆုံးသူပေါင်း ၂၉၂၅၆ ဦးရှိလာ**

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၆၇၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၅၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၂၅၆ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၅၃၈၂ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၄၀၇၂၀၅ ဦး ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၅၅၀၅ ဦးရှိပြီး ၅၄၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၈၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

**၇၅ ဒသမ ၅ ရာခိုင်နှုန်း ထိုးနှံမှုခံယူပြီး**

လက်ရှိအချိန်အထိ ပြည်သူ ၇၈ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၅ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**





## ဒရုန်းလေယာဉ်ဖြင့် လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းမှုမှ အီရတ်ဝန်ကြီးချုပ် အသက်ရှင်လွတ်မြောက်

**ဘဂ္ဂဒက် နိုဝင်ဘာ ၇**

အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်လ်ကာဒီမီအား ယနေ့နံနက်အစောပိုင်းက ဒရုန်းလေယာဉ်ဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာမျှမရှိဘဲ အသက်ရှင်လွတ်မြောက်သွားကြောင်း အီရတ်တပ်မတော်က ပြောကြားသည်။

**ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမျှမရှိ**

မြို့တော်ဘဂ္ဂဒက်မြို့လယ်ကောင်တွင် အခိုင်အမာတည်ဆောက်ထားသည့် အစိမ်းရောင်ဇုန်အတွင်းရှိ ဝန်ကြီးချုပ် အယ်လ်ကာဒီမီ၏နေအိမ်ကို ယနေ့ အရုဏ်တက်ချိန်က ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်ခဲ့သော်လည်း ဝန်ကြီးချုပ်သည် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမျှမရှိဘဲ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း အီရတ် ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုမီဒီယာရုံးက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့သည် အခင်းဖြစ်မှုနှင့်ပတ်သက်၍ လိုအပ်သောအစီအမံများကို လုပ်ဆောင်လျက်ရှိကြောင်း ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

**တောင်းဆို**

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် မကြာမီအချိန်အတွင်း ဝန်ကြီးချုပ်အယ်လ်ကာဒီမီက "နေကောင်းပါတယ်"ဟု ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြပြီး အီရတ်နိုင်ငံအတွက် လုံခြုံရေးမြှင့်တင်ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို လက်ရှိအချိန်အထိ မသိရသေးကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၉၈ သန်းကျော်ရှိလာ

**တီဟီရန် နိုဝင်ဘာ ၇**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၀၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူစုစုပေါင်း ၅၉၈၀၂၆၀ ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀ ရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူစုစုပေါင်း ၁၂၇၁၇၃ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၅၈၈၅၄၅ ဦးရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူစုစုပေါင်း ၃၇၁၃ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၄၉၇၇၇၂၈ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၃၈၄၃၅၂၉၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





## စင်ကာပူနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၃၅ ဦး ထပ်မံတွေ့ရှိ



**စင်ကာပူ နိုဝင်ဘာ ၇**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၃၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၅၇၈၀ ရှိလာသည်။

ယင်းတို့အနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၀၃၀ သည် ဒေသတွင်း ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း စင်ကာပူကျန်းမာရေး ဝန်ကြီးဌာနက ဆိုသည်။

လူနာ ၁၆၆၆ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၉၉ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

**၁၂ ဦး ထပ်မံသေဆုံး**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၈၀ ရှိပြီဖြစ်သည်။

နိုင်ငံလူဦးရေ ၈၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ၁၇ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတတိယအကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄၇၄ ဦးရှိလာ

**အန်ကာရာ နိုဝင်ဘာ ၇**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄၇၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူ စုစုပေါင်း ၈၂၆၃၇၅ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၃ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူစုစုပေါင်း ၇၁၉၂၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၀၅၈၄ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၅ ဒသမ ၆၁ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၉ ဒသမ ၁၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၇ ဒသမ ၃၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၁၆၅ ဦးရှိလာ

**မော်စကို နိုဝင်ဘာ ၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၁၆၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူစုစုပေါင်း ၈၇၉၅၀၉၅ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။


ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၇၉ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၂၄၆၈၁၄ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၆၈၀၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၅၆၁၉၇၈ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၇၅ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၆၁၆၂၄ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ ဖော်ပြချက်အရ လူဦးရေ သန်း ၆၀ ကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၅၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## တောင်ကိုရီးယားအစိုးရက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သောက်ဆေးအလုံးရေ ခုနစ်သောင်း ဝယ်ယူမည်

**ဆိုးလ် နိုဝင်ဘာ ၇**

တောင်ကိုရီးယားအစိုးရက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သောက်ဆေးအလုံးရေ ခုနစ်သောင်း ဝယ်ယူမည်ဖြစ်ကြောင်း ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေး အေဂျင်စီက ယမန်နေ့တွင် ပြောသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သောက်ဆေးအမျိုးအစားဖြစ်သည့် Paxlovid ဆေးသည် ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားနေရသည့် လူနာများအား ရောဂါခုခံနိုင်စွမ်း ပိုမိုမြင့်တက်စေပြီး သေဆုံးမှုနှုန်းကို ၈၉ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း လက်တွေ့စမ်းသပ်မှုရလဒ်များအရ သိရသည်။

ထို့ပြင် တောင်ကိုရီးယားအစိုးရက Merck & Co ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သောက်ဆေးအလုံးရေ နှစ်သိန်း ဝယ်ယူရန်ကိုလည်း အဆိုပါဆေးဝါးကုမ္ပဏီနှင့် သဘောတူညီပြီးဖြစ်သည်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသောက်ဆေးအမျိုးအစားများ ဝယ်ယူရန် ဝမ် ၃၆ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆၃ သန်း) ကို သုံးစွဲခွင့်ပြုထားသည်။

Pfizer ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Paxlovid ကို ရောင်းချရန် နိုင်ငံပေါင်း ၉၀ နှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း Pfizer ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် အဲလ်ဘတ် ဘိုရာက ဆိုသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၅၀၄၁၁၄၂၀ ဦး

သေဆုံးသူ
၅၀၆၂၉၆၀ ဦး

ပြန်လည်ကျန်းမာလာသူ
၂၂၆၇၃၇၅၂ ဦး

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက် ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ **တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

■

# ပြည်ကြီးတံခွန်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ




**နေပြည်တော် နိုဝင်ဘာ ၇**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် ၇၄ လမ်းနှင့် ၁၁၈ လမ်းထောင့်ရှိ တည်းခိုခန်းအနီးတွင် မအေးသန်း၊ ဇော်မိုးသန်း၊ ဦးသန်းမင်း၊ မစန်းစန်းရီနှင့် မရီရီစိုးတို့ကို မူးယစ်ဆေးဝါးများ လွှဲပြောင်းလက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းအရ စစ်ဆေးရှာဖွေရာ မအေးသန်းထံမှ ဘိန်းဖြူသုည ဒသမ ၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက် သမာဓိ(၄)လမ်း အမှတ်(၁၂) (၃)လွှာနေ ဝင်းမင်းထိုက်(ခ)ပေသီး၏ နေအိမ်တိုက်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၇၀၊ အိုက်စ်သုည ဒသမ ၀၃၂ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုတို့မှ Protective Goggle အခု ၅၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၈၀၊ Shoe Cover ၂၀၀ ကီလိုဂရမ်၊ နှာခေါင်းစည်း ၃၆၄၀၅ ကီလိုဂရမ်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ အောက်ဆီဂျင်အရည် ၁၅၂၈၅ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၁-၂၀၂၁ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မျှဝေအသိပေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
**၁၀:၃၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၁:၄၀** ကြွေလည်းဝေမြဲတမ်းတဆဲ 'မောင်မောမနှင့် (အလက်ာဝတ်ရည်)' (အပိုင်း-၁)
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၃၄)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
**၁၅:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားဒေါ်ဆောင်ရာ**' (အပိုင်း-၇၉)
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၁၀** This Week's Special Interest
**၁၇:၄၀** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြ မြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဟယာမျက်နှာဖုံး**' (အပိုင်း-၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပတ္တညိုသောမေတ္တာများ**' (အပိုင်း-၂၃)
**၂၂:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း '**ငွေရောင်နေ့သစ်များဆီသို့**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:24** Global Partnership for Brighter Future: Netherlands Pavilion at Expo 2020 Dubai
**07:31** Pan Tamawt… Stone Carving (1)
**07:45** Pan Tamawt… Stone Carving (2)
**08:01** Myanmar Masterclass: Still Life (glass)
**08:07** Shwe Maw Daw: The Glory Of Bago City (1)
**08:21** Shwe Maw Daw: The Glory Of Bago City (2)
**08:35** Myanmar's Traditions and Culture: Novicehood in Myanmar (I)
**08:47** Myanmar's Traditions and Culture: Novicehood in Myanmar (II)
**09:01** Interesting Features of Rakhine
**09:22** A Day in the Life of Pa-O Family
**09:27** An Ardent Aficionado Of Traditional Design (1)
**09:43** An Ardent Aficionado Of Traditional Design (2)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
လန်းဆန်းပျော်ရွှင် ရေလမ်းကြောင်းခရီးစဉ်
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကန်စွန်းရွက်နှင့်ကျန်းမာရေး
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဖိုင်းဖြူရွာမှ ရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘုရင့်ညီဂူသို့ အလည်တစ်ခေါက်
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ ရှိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အစွမ်းထက်တဲ့ ငရုတ်ကောင်းအကြောင်းသိကောင်းစရာ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၂)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပင်မြင့်သဇင် ပန်းတော်ဝင်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကြယ်တွေပျော်တဲ့ည
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရဲ့ ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ အဆင့်ဆင့်

**MRTV PARLIAMENT**


**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

**ကျော်မင်းယု(ခ)ဂျင်မီ၏စစ်ကြောချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများတွင် ဦးဆောင်ပါဝင်နေသူများနှင့် ပတ်သက်ဆက်နွှယ်သူများ အခြေပြဇယား**




○ ကျောဖုံးမှ

တရားခံ ကျော်မင်းယု(ခ)ဂျင်မီနှင့် အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK-47 သေနတ် ခြောက်လက်၊ M-16 သေနတ် ရှစ်လက်၊ ၁၂-ဗို့ သေနတ် နှစ်လက်၊ ဒေသန္တရလုပ်သေနတ် တစ်လက်၊ ကျည်အိမ် ၁၈ ခုတို့အား အဆိုပါ နှစ်ထပ်တိုက်နေအိမ်မှ သိမ်းဆည်းရမိခဲ့သည်။

ကျော်မင်းယု(ခ)ဂျင်မီသည် တရားခံပြေး မင်းကိုနိုင်နှင့်အတူ နိုင်ငံတွင်း ဆူပူအုံကြွမှုဖြစ်ပေါ်စေရေး၊ အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရေး လှုံ့ဆော်မှုများပြုလုပ်ခြင်းတို့ကြောင့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် တရားရုံးမှ ရာကြီးအမှတ်(၂၆)၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်ခံထားရသည့် တရားခံပြေးတစ်ဦးဖြစ်သည်။

တရားခံ ကျော်မင်းယု(ခ)ဂျင်မီ၏ ထွက်ဆိုချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း အဆိုပါ ပင်လုံအိမ်ရာနေအိမ်တွင်နေထိုင်၍ ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဧပြီ ၂ ရက်တွင် ၎င်း၏ဇနီးဖြစ်သူ နီလာသိန်းနှင့်အတူ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သွားရောက်တိမ်းရှောင်ခဲ့ကြောင်း၊ ၎င်းနောက် ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ကိုင်တိုက်ခိုက်ခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများကို ဆောင်ရွက်ရန် ဧပြီလအတွင်း Moon Light Operation အဖွဲ့အား စောသက်ထွန်း(ခ)နေခြူး(Sky Age Education)၊ ကိုကိုကြီး(စမ်းချောင်း၊ ၈၈ မျိုးဆက်၊ ငြိမ်း/ပွင့်)၊ သူရကျော်(ခ)နီကိုလပ်စ်၊ သန်းအောင်(နိုင်/ကျဉ်းဟောင်း)၊ ရဲဇာနည်(ခ)အူနို(နွေဦးကံ့ကော်အဖွဲ့)၊ ကျော်ကျော်မိုး(ခ)ဇော်ဝင်းမောင်(၈၈ မျိုးဆက်၊ ငြိမ်း/ပွင့်၊ ဖမ်းမိ)တို့နှင့်အတူ စတင်ဖွဲ့စည်းခဲ့ကြောင်း။

ကျော်မင်းယု(ခ)ဂျင်မီ ခေါင်းဆောင်သော Moon Light Operation အဖွဲ့၊ ဖြိုးဇေယျာသော် ခေါင်းဆောင်သော Yangon Urban Guerilla-YUG အဖွဲ့နှင့် ဝေဖြိုးဟန်ခေါင်းဆောင်သော ရန်ကုန်တိုင်း PDF အဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများဖြင့် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ကို မေလတွင် စတင်ခဲ့ကြကြောင်း၊ ၎င်းနောက် အပြစ်မဲ့ပြည်သူများကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်ခြင်း၊ NLD ပါတီဝင်မဟုတ်သော အခြားပါတီဝင်များကို သတ်ဖြတ်ခြင်း၊ NLD ပါတီကို ထောက်ခံမှုမရှိခဲ့သူများကို သတင်းပေး/ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကဘဏ်များစသည့် အပြစ်မဲ့ပြည်သူများနှင့် အရပ်ဘက်ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့အကြမ်းဖက်တိုက်ခိုက်နိုင်ရေးအတွက် Moon Light Operation အဖွဲ့ကို တရားခံပြေး လွင်ကိုလတ်က AK-47 နှင့် M-16 အလက် ၃၀၊ ကျည်တောင့် ၆၀၀၊ ကျည်ကတ် ၉၀ နှင့် ဗုံးဖောက်ခွဲရန် ကတ်သီး ၅၀၀ ကို ပေးအပ်ခဲ့ကြောင်း၊ ၎င်း လက်နက်/ခဲယမ်းများဖြင့် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက် Moon Light Operation အဖွဲ့အနေဖြင့် အကြမ်းဖက် NUG မှ D-Day သတ်မှတ်ပေးသည့် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်နောက်ပိုင်းတွင် ကြီးမားသော အကြမ်းဖက်လုပ်ငန်းကြီး- Mission ရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီးအတွင်းလုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ကြောင်း၊ ထို့ကြောင့် ကျော်မင်းယု(ခ)ဂျင်မီသည် အဆိုပါအကြမ်းဖက်လုပ်ငန်းကြီး - Mission ရှစ်ခုကို အနီးကပ်ကြပ်မတ်ညွှန်ကြားရန် မဲဆောက်မှ ရန်ကုန်သို့ စက်တင်ဘာ ၂၂ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း၊ ပင်လုံအိမ်ရာဝန်းအတွင်းနေထိုင်၍ အဆိုပါအကြမ်းဖက်လုပ်ငန်းကြီး ရှစ်ခုကို ညွှန်ကြားစေခိုင်းခဲ့ကြောင်း၊ Mission-1 တွံ့တေးမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-2 အင်းစိန်မြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ Mission-3 လှည်းကူးမြို့နယ်အတွင်း အောက်တိုဘာလအတွင်း လုပ်ဆောင်ပြီးစီးခဲ့ကြောင်း သိရသည်။

ကျန် Mission-4 ၊ Mission-5 ၊ Mission-6၊ Mission-7၊ Mission-8 တို့ကို ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ကြီးမားသော ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုတို့ ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြီးများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ C-4 ယမ်းတောင့်၊ လက်ပစ်ဗုံး၊ ကတ်သီး၊ Dorne ၊ ဂြိုဟ်တုဖုန်း၊ ရေဒီယိုစကားပြောစက်၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/NUCC အဖွဲ့ဝင်များဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွှန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြူဖြူသင်း၊ မင်းကိုနိုင်၊ ဂျင်မီတို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ)ဂျင်မီအား ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅-က အပြင် ၂၀၁၄ ခုနှစ် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄၊ မတရားအသင်းအက်ဥပဒေ၊ လက်နက်နှင့်ပတ်သက်သော အက်ဥပဒေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများတွင် တရားခံကျော်မင်းယု(ခ)ဂျင်မီနှင့် အတူ ပူးပေါင်းပါဝင်ခဲ့ကြသူများနှင့် ပူးပေါင်းကြံစည်ရာ၌ အဓိကပါဝင်ခဲ့သူ NUG/ CRPH/NUCC အဖွဲ့ဝင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်ပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြသူများအား လက်ရဖမ်းဆီးနိုင်ရေးအတွက် မိဘပြည်သူများမှရရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာနီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ ဆက်သွယ်ပေးပို့နိုင်ပါရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**




သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

# ရာသီတုပ်ကွေးရောဂါနှင့် အသက် ၂ နှစ်အောက် ကလေးများတွင် အဖြစ်များသည့် လေပြွန်ရောင်ရမ်းပြီး အသက်ရှူကျပ်သည့် ရောဂါအကြောင်း သိကောင်းစရာ

**ထက်လျှံ**

**ရာသီအကူးအပြောင်းကြောင့် အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါနှင့် အသက် ၂ နှစ်အောက် ကလေးများတွင်အဖြစ်များသည့် လေပြွန်ရောင်ရမ်းပြီး အသက်ရှူကျပ်သည့် ရောဂါအကြောင်းကို ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ကလေးဆေးရုံကြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာစောသက်ခိုင်နှင့် ရန်ကင်းကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲကျော်သူတို့က ဆွေးနွေးပြောကြားခဲ့သည်။**

မေး။ ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ကလေးတွေဖျားနာပြီး ချောင်းဆိုးကြတာကို တွေ့ရပါတယ်။ ဘာကြောင့်ဖြစ်ရတယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာစောသက်ခိုင်** ။ ။ အောက်တိုဘာလမှာ ကလေးတွေ ဖျားနာပြီး ချောင်းဆိုးကြတာ တော်တော်များပါတယ်။ ဒီအချိန်မှာ ဖျားနာ၊ ချောင်းဆိုးတယ်ဆိုတာက ပထမဦးဆုံး ရိုးရိုး အအေးမိပြီးဖျားတာ။ Common Cold လို့ခေါ်ပါတယ်။ ဒုတိယတစ်ခုက ရာသီတုပ်ကွေး (Seasonal Flu) ဖြစ်ပါတယ်။ တတိယက သွေးလွန်တုပ်ကွေးဖြစ်ပြီး နောက်ဆုံးတစ်ခုက အခုခေတ်စားနေတဲ့ ကိုဗစ် – ၁၉ ရောဂါကြောင့် ကလေးတွေ ဖျားနာတာကို တွေ့ရပါတယ်။

မေး။ ။ ရာသီတုပ်ကွေးရောဂါဆိုတာ ဘာပါလဲ၊ ဘယ်လိုလက္ခဏာတွေရှိတယ်ဆိုတာ ပြောကြားပေးပါဦး။

ဒေါက်တာစောသက်ခိုင်။ ။ ရာသီတုပ်ကွေးရောဂါလို့ ပြောပေမယ့် သူက တစ်နှစ်ပတ်လုံး ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် မိုးဦးကာလနဲ့ ဆောင်းဦးကာလတွေမှာ ဖြစ်တာကို တွေ့ရပါတယ်။ အရင်နှစ်တွေမှာ တုပ်ကွေးက ဇွန်လမှာတွေ့ရပြီး ယခုနှစ် အောက်တိုဘာလမှာ နှာစေး၊ ချောင်းဆိုး၊ ဖျားတဲ့ကလေးတွေ တွေ့ရပါတယ်။ ကူးစက်နိုင်တဲ့အကြောင်းတွေက အသက်ရှူလမ်းကြောင်းကနေထွက်တဲ့ အမှုန်အမွှားတွေကနေ တစ်ဆင့် ကူးစက်နိုင်ပါတယ်။ တုပ်ကွေးဖြစ်နေတဲ့သူ ကိုင်တွယ်အသုံးပြုထားတာတွေကနေတစ်ဆင့် ကူးစက်နိုင်ပြီး ကူးစက်မြန်တဲ့ ရောဂါအထဲမှာ ပါပါတယ်။ တစ်အိမ်မှာ တစ်ယောက်ဖြစ်ပြီဆိုရင် တစ်အိမ်လုံးဖြစ်ပြီးမှ ထွက်သွားတတ်တဲ့ ရာသီတုပ်ကွေး (Flu) ဖြစ်ပြီး တုပ်ကွေး (Influenza) ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။

မေး။ ။ တုပ်ကွေးရောဂါက ကိုဗစ်နဲ့ အခြား အအေးမိရောဂါတွေနဲ့ ဘယ်လိုတွေ ကွာခြားမှုရှိတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ဒီအချိန်မှာဖြစ်တဲ့ရောဂါတွေရဲ့ ရောဂါလက္ခဏာတွေက အစပိုင်းမှာတူပါတယ်။ ဖျားတယ်၊ နှာစေး၊ ချောင်းဆိုးတယ်။ ဒါပေမဲ့ ပိုပြီးအဖြစ်များတာက သာမန်အအေးမိပြီး ဖျားတာ။ Common Cold မှာက မောတာမရှိပါဘူး။ ဖျားတာ၊ ချောင်းဆိုးတာ အဖြစ်များပါတယ်။ ရာသီတုပ်ကွေးရောဂါမှာ ချောင်းဆိုးတာနဲ့ ဖျားတာတွေ အဖြစ်များပါတယ်။ ကြွက်သားတွေ နာကျင်ကိုက်ခဲတာ၊ အားအင်ကုန်ခန်းတာတွေ အဖြစ်များပါတယ်။

အခုအဖြစ်များတဲ့ ကိုဗစ် – ၁၉ ရောဂါမှာတော့ ချောင်းဆိုးတာ၊ ဖျားနာတာ၊ လည်ချောင်း နာကျင်တာတွေက ရံဖန်ရံခါဖြစ်တတ်ပြီး အနံ့ပျောက်တာနဲ့ နှာစေးတာတွေ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ အခု ထူးထူးခြားခြားတွေ့တာက ရာသီတုပ်ကွေးရောဂါမှာ ရံဖန်ရံခါ ဝမ်းလျှောဝမ်းပျက် ဖြစ်တတ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါက ဝမ်းလျှောဝမ်းပျက်နဲ့ လာတာလည်း ဖြစ်တတ်ပါတယ်။ ဒီလက္ခဏာတွေကို အဓိက တွေ့ရပါတယ်။

မေး။ ။ တုပ်ကွေးရောဂါက ဘယ်လိုလူတွေမှာ အဖြစ်များသလဲ၊ သူ့ရဲ့နောက်ဆက်တွဲ အနေနဲ့ ဘာတွေဖြစ်နိုင်တယ်ဆိုတာကို ပြောကြားပေးပါဦး။

**ဒေါက်တာစောသက်ခိုင်**။ ။ တုပ်ကွေးက အသက် အရွယ်မရွေး၊ ကျားမ မရွေး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တုပ်ကွေးအဖြစ်များဖို့ အန္တရာယ် (Risk) ရှိနိုင်တာက အသက် ၅ နှစ်အောက်၊ အထူးသဖြင့် ၂ နှစ်အောက်နဲ့ အသက် ၆၅ နှစ် အထက်လူကြီးတွေမှာ အဖြစ်များပါတယ်။ ကိုယ်ခံအားနည်းတဲ့သူတွေမှာ ရောဂါဖြစ်လွယ်ပါတယ်။ ဥပမာ ဆီးချိုရောဂါရှိသူ၊ ပန်းနာရင်ကျပ်ရောဂါအခံရှိသူ၊ နှလုံးရောဂါအခံရှိသူတွေမှာ ပိုပြီး အဖြစ်များတာ တွေ့ရပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်သည်တွေနဲ့ မီးဖွားပြီး နှစ်ပတ်အတွင်းမှာ တုပ်ကွေးရောဂါဝင်ဖို့ ပိုပြီးအခွင့်အရေးများပါတယ်။ နောက်ဆက်တွဲအနေနဲ့ သာမန်အားဖြင့် တုပ်ကွေးက ပြင်းထန်မှုလက္ခဏာတွေမပြဘဲ ကောင်းသွားတတ်ပါတယ်။ အချို့တွေမှာတော့ အဆုတ်ရောင်တာ၊ လေပြွန်ရောင်တာ၊ နားအတွင်းအမြှေးပါးရောင်တာ၊ ဦးနှောက်အမြှေးရောင်တာအထိ ဆက်ပြီးဖြစ်နိုင်ပါတယ်။

မေး။ ။ ဒီရောဂါနဲ့ပတ်သက်ပြီး ဘယ်လိုတွေကုသနိုင်သလဲ၊ ကာကွယ်နိုင်သလဲဆိုတာ ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ကုသတာက ရာသီတုပ်ကွေးဖြစ်ပြီလို့ သံသယရှိပြီဆိုရင် မိမိအိမ်မှာပဲနေပါ။ အာဟာရပြည့်ဝစွာစားပါ။ အရည်များများသောက်ပါ။ ကောင်းမွန်စွာ အိပ်စက်အနားယူပါ။ ဖျားတယ်ဆိုရင် ကိုယ်ပူကျဆေးပါရာစီတမော သောက်လို့ရပါတယ်။ ချောင်းဆိုး၊ နှာစေးရင်လည်း ချောင်းဆိုး၊ နှာစေးပျောက်ဆေး သောက်လို့ရပါတယ်။ ကာကွယ်ခြင်းက အဓိကဖြစ်လို့ မိမိကစပြီး ကာကွယ်ရပါမယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ရပါမယ်။ လက်ကို စက္ကန့် ၂၀ ကြာအောင် ဆေးရပါမယ်။ နှာချေတယ်၊ နှာစေး၊ ချောင်းဆိုးတယ်ဆိုရင် အုပ်ပြီး နှာချေ၊ ချောင်းဆိုးရမယ်။ မဖြစ်ခင်က ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရာသီတုပ်ကွေး ကာကွယ်ဆေးတွေ ထိုးထားလို့ရပါတယ်။ ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် ရောဂါက ကြိုတင်ကာကွယ်လို့ရတဲ့ ရောဂါဖြစ်တဲ့အတွက် လူတိုင်းက ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာခြင်းဖြင့် တုပ်ကွေးရောဂါကို ကာကွယ်ကြပါစို့လို့ ပြောကြားလိုပါတယ်။

မေး။ ။ ကလေးတွေမှာ ဖြစ်တတ်တဲ့ အသက်ရှူကျပ်တဲ့ ရောဂါနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**ဒေါက်တာရဲကျော်သူ**။ ။ ကလေးတွေမှာဖြစ်တတ်တဲ့ အသက်ရှူကျပ်တဲ့ ရောဂါကို ဆေးပညာအရ (Bronchiolitis) လို့ခေါ်ပါတယ်။ အဆုတ်ထဲမှာရှိတဲ့ လေပြွန်သေးသေးလေးတွေ ရောင်ရမ်းတဲ့ရောဂါဖြစ်ပါတယ်။ လေပြွန်တွေ ရောင်ရမ်းလာတဲ့အခါ အောက်ဆီဂျင် အဝင်နည်းလာပြီး ကလေးတွေ မောပြီးကျပ်တဲ့ရောဂါတစ်ခုဖြစ်ပါတယ်။

မေး။ ။ ဒီရောဂါက ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုအချိန်တွေမှာ ဖြစ်တာလဲဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

ဒေါက်တာရဲကျော်သူ။ ။ နိုင်ငံတော်တော်များများမှာ သုတေသနပြုလုပ်ထားတဲ့ အချက်အရ ဒီရောဂါကိုဖြစ်စေတာက RSV လို့ခေါ်တဲ့ Respiratory Syncytial Virus ဗိုင်းရပ်စ်ပိုးကြောင့် အဖြစ်များတာကို တွေ့ရပါတယ်။ တခြားဗိုင်းရပ်စ်တွေဖြစ်တဲ့ Influenza နဲ့ Parainfluenza ဗိုင်းရပ်စ်တို့ကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ရန်ကင်းကလေးဆေးရုံက ဆရာတွေနဲ့ အောက်မြန်မာပြည် သုတေသနဌာနက ဆရာတွေ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာ ဒီရောဂါဖြစ်တဲ့ ကလေးတွေကို ဘာကြောင့်ဖြစ်သလဲဆိုပြီး သုတေသနပြုလုပ်တဲ့အခါ အဖြစ်များတဲ့ ပိုးက Respiratory Syncytial Virus ဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။

မေး။ ။ ဒီရောဂါက ဘယ်လိုအခြေအနေမှာ ဖြစ်ပွားသလဲ၊ ဘယ်လိုကလေးတွေမှာ အဖြစ်များတယ်ဆိုတာကိုလည်း ပြောကြားပေးပါဦး။

**ဒေါက်တာရဲကျော်သူ**။ ။ ဒီရောဂါကဆောင်းတွင်းမှာ အဖြစ်များလေ့ရှိပါတယ်။ အခုလိုအောက်တိုဘာလကစပြီး ဖေဖော်ဝါရီလအတွင်းမှာ အဖြစ်များတယ်။ အဖြစ်အများဆုံးအချိန်က ဒီဇင်ဘာနဲ့ ဇန်နဝါရီလလောက်မှာ အဖြစ်များတာတွေ့ရပါတယ်။ ဒါပေမဲ့ သူက ရာသီတစ်ခုနဲ့ တစ်ခု မတူတာမျိုးလည်း တွေ့ကြုံရတတ်ပါတယ်။ ဘယ်လို ကလေးတွေမှာ အဖြစ်များသလဲဆိုတော့ အသက် ၂ နှစ်အောက်ကလေးတွေမှာ အဖြစ်များတာတွေ့ရပါတယ်။ ၂ နှစ်အောက်ကလေးတွေထဲမှာ အသက် ၃ လမှ ၉ လအတွင်းမှာရှိတဲ့ ကလေးတွေက ပိုပြီးတော့ အဖြစ်များတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ဒီအထဲမှာမှ အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့မစို့ရတဲ့ ကလေးတွေ၊ ပြီးတော့ Smoke Exposure လို့ခေါ်တဲ့ အိမ်ထဲမှာ ဆေးလိပ် မီးခိုးပဲဖြစ်ဖြစ်၊ ခြင်ဆေးခွေဖြစ်ဖြစ်၊ ထမင်းဟင်းချက်လို့ ထွက်လာတဲ့ မီးခိုးတွေနဲ့ အတွေ့များတဲ့ ကလေးတွေ၊ နောက်တစ်ခုက အိမ်ထဲမှာ လူဝင်လူထွက်များတဲ့ ကလေးတွေမှာ အဖြစ်များတာတွေ့ရပါတယ်။

**စာမျက်နှာ ၁၇ သို့**☆

| ရောဂါလက္ခဏာများ | ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) | ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) | သာမန်အအေးမိခြင်း (Common Cold) |
|---|---|---|---|
| ၁။ ချောင်းဆိုးခြင်း | အဖြစ်များ | အဖြစ်များ | အဖြစ်များ |
| ၂။ ဖျားနာခြင်း | အဖြစ်များ | အဖြစ်များ | ရံဖန်ရံခါ |
| ၃။ လည်ချောင်းနာခြင်း | ရံဖန်ရံခါ | ရံဖန်ရံခါ | အဖြစ်များ |
| ၄။ မောခြင်း | ရံဖန်ရံခါ | ဖြစ်ခဲ | လုံးဝမဖြစ် |
| ၅။ အနံ့/အရသာမရခြင်း | ရံဖန်ရံခါ | ဖြစ်ခဲ | ဖြစ်ခဲ |
| ၆။ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း | ဖြစ်ခဲ | အဖြစ်များ | အဖြစ်များ |
| ၆။ အားအင်ကုန်ခမ်းခြင်း | ဖြစ်ခဲ | အဖြစ်များ | ရံဖန်ရံခါ |
| ၇။ နှာချေခြင်း/နှာစေးခြင်း | ဖြစ်ခဲ | ရံဖန်ရံခါ | အဖြစ်များ |
| ၈။ ဝမ်းလျှောခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း | ဖြစ်ခဲ | ရံဖန်ရံခါ (အထူးသဖြင့်ကလေးများ) | လုံးဝမဖြစ် |

References:
1. Department of Medicine (UM-1), Department of Tropical Medicine (UM-1, UM-2) (16.6.2020)
2. Central Epidemiology Unit, Ministry of Health and Sports (15.6.2020)
3. Asthma and Allergy Foundation of America, World Health Organization and US Centers for Disease Control and Prevention (29.4.2020)

## IS IT THE FLU OR COVID-19 ?

### ရာသီတုပ်ကွေးနဲ့ ကိုဗစ် ၁၉ကွာခြားချက်

| လက္ခဏာများ | ရာသီတုပ်ကွေး | ကိုဗစ် – ၁၉ |
|---|---|---|
| အဖျားရှိခြင်း | ✓ | ✓ |
| မောပန်းခြင်း | ✓ | ✓ |
| ချောင်းဆိုးခြင်း | ✓ | ✓ |
| လည်ချောင်းနာခြင်း | ✓ | ✓ |
| ခေါင်းကိုက်ခြင်း | ✓ | ✓ |
| နှာစီးခြင်း | ✓ | ✓ |
| အသက်ရှူမဝခြင်း | ✓ | ✓ |
| ကိုယ်လက်နာကျင်ကိုက်ခဲခြင်း | ✓ | ✓ |
| ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်း | ✓ | ✓ |
| လက္ခဏာစတင်ခြင်း | ရောဂါကူးစက်ပြီး ၁ ရက်မှ ၄ ရက်အတွင်း | ရောဂါကူးစက်ပြီး ၂ ရက်မှ ၁၄ ရက်အတွင်း |
| အနံ့၊ အရသာ ပျောက်ဆုံးခြင်း | | ✓ |
| မျက်စိနာ (နီ)ခြင်း | | ✓ |
| အရေပြားပေါ်တွင် အဖုများပေါ်လာခြင်း | | ✓ |

Source : New York - Presbyterian Hospital


☆ စာမျက်နှာ ၁၆ မှ

**မေး။ ။ အသက် ၂ နှစ်အောက်ကလေးတွေမှာ ဒီရောဂါဖြစ်ပွားရင် ဘယ်လိုရောဂါလက္ခဏာတွေ ပြသလဲ၊ ဘယ်လိုကလေးတွေမှာ ရောဂါပြင်းထန်တယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ အစပိုင်းတစ်ရက်၊ နှစ်ရက်လောက်၊ ၄၈ နာရီလောက်အတွင်းမှာ သာမန်အအေးမိ၊ တုပ်ကွေးလို ကလေးတွေက ဖျားမယ်၊ ချောင်းဆိုးမယ်၊ နှာစေး၊ နှာပိတ်ဖြစ်မယ်၊ ဒီလိုဖြစ်ရင်းက အစားအသောက်ဝင်တာ နည်းလာတာ တွေ့ရပါတယ်။ တစ်ခါတလေ အန်တတ်ပါတယ်။ အများစုက ဒီလောက်နဲ့ ကောင်းသွားတဲ့ ကလေးတွေရှိပါတယ်။ ဒါပေမဲ့ ဆက်ပြီးတော့ ရောဂါပိုးပြင်းထန်လာရင် လေပြွန်လေးတွေ ရောင်ရမ်းပြီး အောက်ဆီဂျင်အဝင် နည်းလာတယ်။ ဗိုင်းရပ်စ်ပိုးကြောင့် ချွဲတွေက လေပြွန်လေးတွေမှာ ပိတ်လာတဲ့အခါ ရင်ကျပ်သံတွေ၊ တရှူးရှူးမြည်သံတွေက နားကြပ်နဲ့တောင် နားထောင်စရာ မလိုဘူး၊ အတိုင်းသားကြားနေရပါတယ်။

ကလေးက အသက်ရှူရခက်နေလို့ ညည်းတဲ့အသံတွေ၊ မောလာတာတွေကို တွေ့မြင်ရနိုင်ပါတယ်။ ပိုဆိုးလာရင် အောက်ဆီဂျင်ဓာတ်တွေ နည်းလာတဲ့အခါ အသက်ရှူတွေ မြန်လာတယ်။ ရင်ဘတ်တွေချိုင့်ဝင်ပြီး အသက်ရှူတာကို တွေ့ရပါတယ်။ နံရိုးအတွင်းမှာ ချိုင့်တာနဲ့ နံရိုးအောက်မှာ ချိုင့်တာ၊ အသက်ရှူရင် ရင်ဘတ်ထဲကို ချိုင့်ဝင်ခြင်းကို တွေ့ရပါတယ်။ ဒီထက်ပိုဆိုးလာရင် အောက်ဆီဂျင်ဓာတ်တွေ နည်းလာပြီး သွေးထဲမှာ အောက်ဆီဂျင်ဓာတ်တွေ ပိုနည်းလာပြီး လက်သည်း ခြေသည်းတွေ ပြာလာမယ်။ နှုတ်ခမ်းတွေ ပြာလာတဲ့အထိကို ဖြစ်လာပါတယ်။




ဘယ်လိုကလေးတွေက အဆိုးဆုံးကို ခံစားရသလဲဆိုရင် အသက်ငယ်တဲ့ အသက် ၂ လအောက် ကလေးတွေနဲ့ မွေးရာပါနှလုံးရောဂါ ပါလာတဲ့ ကလေးတွေ၊ နောက်ပြီး ခုခံအားကျဆင်းနေတဲ့ ကလေးတွေ၊ ပေါင်မပြည့်လမစေ့ဘဲ စောပြီးမွေးတဲ့ ကလေးတွေမှာ ဒီရောဂါဖြစ်ရင် ရောဂါပိုပြင်းထန်တတ်တဲ့အတွက်ကြောင့် သတိအလွန် ထားရပါတယ်။

**မေး။ ။ ဒီရောဂါနဲ့ပတ်သက်ပြီး ချက်ချင်းအရေးပေါ် ပြသရမယ့် လက္ခဏာတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာရဲကျော်သူ။** ။ ချက်ချင်းအရေးပေါ် ဆေးရုံ ဆေးခန်းကို ပြသရမယ့် လက္ခဏာတွေက ကလေးတွေက လေပြွန်တွေ ရောင်ရမ်းလို့ အောက်ဆီဂျင်ဓာတ်တွေ နည်းလာတဲ့အခါ အသက်ရှူမြန်လာတယ်။ နံရိုးနှစ်ခုအတွင်းနဲ့ နံရိုးအောက်ပိုင်းတွေ ချိုင့်ပြီး အသက်ရှူမယ်။ ကလေးက မောလာမယ်။ ပြီးရင် အောက်ဆီဂျင်ဓာတ် နည်းလာလို့ နှုတ်ခမ်းတွေ၊ လက်သည်း ခြေသည်းတွေ ပြာလာမယ်။ နောက်တစ်ခုက ကလေးငယ်တွေမှာ အဖြစ်များတဲ့ အရေးပေါ် သတိထားရမယ့်အချက်က အသက်ရှူရပ် ရပ်သွားပါတယ်။ ဆေးပညာအခေါ် အရဆိုရင် Apnoea လို့ ခေါ်ပါတယ်။ ဒီလိုတွေ ခဏခဏဖြစ်ရင် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်သင့်ပါတယ်။

နောက်တစ်ခုက အသက်ရှူတာ မောလာတဲ့ အခါ အားအင်ကုန်ခန်းလာပြီး ကလေးက အတော့်ကို မှိန်းပြီး နိုးလို့လည်း မရတော့ဘူး။ ဒီလိုမောပြီး မှိန်းတဲ့ ကလေးမျိုးတွေ၊ နောက်တစ်ခုက အစာမဝင်တော့ဘူး၊ နို့စို့ကလေးဆိုရင်လည်း နို့မစို့နိုင်ဘူး၊ စားနိုင် သောက်နိုင်တဲ့အရွယ်ဆိုရင်လည်း စားတာသောက်တာတွေ မရှိတော့ဘဲ အရင်ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းအောက် ရောက်သွားတဲ့ ကလေးတွေဆိုရင် အရေးပေါ် ဆေးရုံ၊ ဆေးခန်းကို ပြသသင့်ပါတယ်။

**မေး။ ။ ဒီရောဂါကို ဘယ်လိုတွေ ကာကွယ်နိုင်တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာရဲကျော်သူ။** ။ လေပြွန်ရောင်ရမ်းတဲ့ (Bronchiolitis) ရောဂါက ဗိုင်းရပ်စ်ကြောင့် ဖြစ်တာပါ။ အခြားရောဂါတွေနည်းတူ ကိုဗစ်- ၁၉၊ တုပ်ကွေးရောဂါတွေလို ကူးစက်ပုံ ကူးစက်နည်းက အတူတူပဲဖြစ်တဲ့အတွက် လက်ဆေးခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ခြင်း၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနေခြင်းတို့က အရေးကြီးတဲ့ ကာကွယ်ရမယ့်အကြောင်းအချက်တွေ ဖြစ်ပါတယ်။

နောက်ထပ်ကာကွယ်ရေးနည်းလမ်းတစ်ခုက ကလေးငယ်တွေမှာ အဖြစ်များတဲ့အတွက် မိခင်နို့တိုက်ကျွေးခြင်းက ဒီရောဂါကို ကာကွယ်နိုင်တဲ့ အကြောင်းအချက်တစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခုက ကလေးငယ်တွေမှာ Smoke Exposure လို့ခေါ်တဲ့ ဘယ်မီးခိုးပဲဖြစ်ဖြစ် အထိအတွေ့ နည်းပါးအောင် စောင့်ရှောက်ပေးခြင်းကလည်း ကာကွယ်ခြင်း နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြားလိုတာ ရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖြစ်တဲ့ ကလေးတွေကို ကြည့်လိုက်မယ်ဆိုရင် အဖြစ်များတဲ့အထဲမှာ Smoke Exposure လို့ခေါ်တဲ့ မီးခိုးနဲ့ ထိတွေ့တဲ့ကလေးတွေ အဖြစ်များပါတယ်။ ပြီးတော့ ဖြစ်ပြီးသွားရင်လည်း ဆေးရုံကပဲ ဆင်းဆင်း၊ ဆေးခန်းကပဲ ပြန်ပြန် အိမ်မှာ ဆေးလိပ်သောက်တဲ့ Smoke Exposure တွေရှိမယ်ဆိုရင် ကလေးရဲ့ ရောဂါဝေဒနာခံစားရမှုက ကြာရှည်စွာ ခံစားရတဲ့အတွက် ကလေးကို ချစ်ရင်၊ ဖြစ်နိုင်ရင် အိမ်ထဲမှာ ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ ကင်းစင်တဲ့ အိမ်တွေ ဖန်တီးပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်ဆုံးတစ်ချက်က တုပ်ကွေးရောဂါနဲ့ လေပြွန်ငယ် ရောင်ရမ်းတဲ့ရောဂါက ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဆရာဝန်မညွှန်ကြားဘဲ ပိုးသတ်ဆေးတွေ မသောက်ဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**လေပြွန်ရောင်ရမ်းတဲ့ (Bronchiolitis) ရောဂါက ဗိုင်းရပ်စ်ကြောင့် ဖြစ်တာပါ။အခြားရောဂါတွေနည်းတူ ကိုဗစ်-၁၉၊ တုပ်ကွေးရောဂါတွေလို ကူးစက်ပုံ ကူးစက်နည်းက အတူတူပဲဖြစ်တဲ့အတွက် လက်ဆေးခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ခြင်း၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနေခြင်းတို့က အရေးကြီးတဲ့ ကာကွယ်ရမယ့်အကြောင်းအချက်တွေ ဖြစ်ပါတယ်။**

**နောက်ထပ်ကာကွယ်ရေးနည်းလမ်းတစ်ခုက ကလေးငယ်တွေမှာ အဖြစ်များတဲ့အတွက် မိခင်နို့တိုက်ကျွေးခြင်းက ဒီရောဂါကို ကာကွယ်နိုင်တဲ့အကြောင်းအချက်တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက ကလေးငယ်တွေမှာ Smoke Exposure လို့ခေါ်တဲ့ ဘယ်မီးခိုးပဲဖြစ်ဖြစ် အထိအတွေ့နည်းပါးအောင် စောင့်ရှောက်ပေးခြင်းကလည်း ကာကွယ်ခြင်းနည်းလမ်းတစ်ခု ဖြစ်ပါတယ်။**

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ တင်သွင်းဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၈၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀၀ နှင့် နှာခေါင်းစည်း သုံးတန်တို့ကို တင်သွင်းခဲ့ပြီး Oxygen Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခုမှာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ရှောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများ လက်အလှပန်းချီရေးဆွဲမှု များပြားလာ



**ညောင်ဦး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် လက်အလှပန်းချီဆိုင်များတွင် လက်အလှပန်းချီဆွဲမှုများပြားလာခြင်းကြောင့် မိသားစုဝင်ငွေ အထိုက်အလျောက်ဝင်ငွေရှိလာကြောင်း ရွှေစည်းခုံဘုရားတွင် လက်အလှပန်းချီရေးဆွဲသူ ဒေါ်ခိုင်ဇာထွန်းထံက သိရသည်။

ပုဂံဒေသတွင် လက်အလှပန်းချီရေးဆွဲမှုများ ခေတ်စားနေခဲ့ရာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လက်အလှပန်းချီရေးခြယ်မှုမြင့်တက်လာနေပြီး ပုံစံအမျိုးမျိုးဖြင့် ရေးဆွဲကြကြောင်း၊ ကျပ် ၅၀၀ မှ ကျပ် ၅၀၀၀ တန်ထိ လက်အလှပန်းချီ ရေးဆွဲပေးကြကြောင်း၊ တစ်ရက်ခံ၊ နှစ်ရက်ခံမှ တစ်ပတ်ခံထိရေးဆွဲကြကာ သုံးစွဲသည့် ဆေးအပေါ်မူတည်ကာ ဈေးကွာခြားကြောင်း၊ ဘုရားဖူးများကလည်း လက်အလှပန်းချီ၊ လက်ဆွဲပန်းချီများ ရေးဆွဲလာခြင်းက ပုဂံ-ညောင်ဦးမြို့ခံများ အလုပ်အကိုင်အခွင့်လမ်းများရရှိလာစေပြီး မိသားစုဝင်ငွေလည်း ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း ရွှေစည်းခုံဘုရားတွင် လက်ရေးပန်းချီရေးဆွဲနေသည့် မပန်းမြတ်လှကရှင်းပြသည်။

**ကိုထိန် (KPD)**

## ပြည်တွင်းသကြားဈေး မြင့်တက်နေခြင်းနှင့်အတူ ကြံတစ်တန် ကျပ် ၆၀၀၀၀ ကျော်ထိ မြင့်တက်

**ထီးချိုင့် နိုဝင်ဘာ ၇**

ပြည်တွင်းသကြားဈေးမြင့်တက်နေခြင်းနှင့်အတူ ကြံတစ်တန် ကျပ် ၆၀၀၀၀ ကျော်ထိ မြင့်တက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြံစိုက်တောင်သူများထံမှ သိရသည်။

"ဒီနှစ် ကြံဈေးကွက်က တစ်တန်ကို ငွေကျပ် ၆၀၀၀၀ ရပါတယ်။ မနှစ်ကတော့ ကြံတစ်တန်ကို ငွေကျပ် ၄၃၀၀၀ လောက်ပဲ ရတာပါ။ ဒီနှစ်ကတော့ ကြံဈေးကွက်က ကောင်းတယ်လေ။ သကြားဈေးတက်လို့ ကြံဈေးကောင်းတာ" ဟု ထီးချိုင့်မြို့နယ် ကြံစိုက်တောင်သူ ဒေါ်ထွေးရီက ပြောကြားသည်။

ပြီးခဲ့သည့် ကြံရာသီအကုန်တွင် မြန်မာတစ်နိုင်ငံလုံး သကြားတန်ချိန် ၄၀၀၀၀၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် ၁၀၀၀၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်၌ ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားတွင် ကုန်ကျပြီး ကြံတစ်ကေလျှင် တန်ချိန် ၃၀ ထွက်ကြောင်း သိရသည်။

ယခုလက်ရှိ ထီးချိုင့်မြို့နယ်တွင် ကြံစိုက်ပျိုးမှုအနေဖြင့် ဧက ၆၅၈၅၀ ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြကာ ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

**လူလေး**

## ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

### ကော့သောင်း

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ရပ်ကွက်အလိုက် ဆေးထိုးစုရပ်များတွင် ဆက်လက်ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက စတင်ကာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ ပြည်သူများအား မြို့မအားကစားကွင်း မိုးလုံလေလုံကြက်တောင်အားကစားခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အမှတ်(၁၃) ခုတင်-၁၀၀ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များနှင့် ကော့သောင်းမြို့ ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းထိုးနှံပေးခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

### ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန်ကျန်ရှိသော အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီမှစတင်ကာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၄) အခြေခံပညာမူလွန်ကျောင်းတို့တွင် ဆက်လက်ထိုးနှံပေးသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၃၆ ဦးတို့အား ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြင့်မြင့်ရီ(ပြန်/ဆက်)**

### ပိုင်ကျုံ

ကရင်ပြည်နယ် ပိုင်ကျုံမြို့တွင် သံဃာတော်များ၊ အသက် ၁၈နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဈေးရောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ပိုင်ကျုံမြို့ တိုက်နယ်ဆေးရုံ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပိုင်ကျုံ (ပြန်/ဆက်)**

### သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိအသက် ၁၈ နှစ်နှင့် အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ် ဒုတိယအကြိမ်ထိုးနှံပေးခြင်းလုပ်ငန်းများကို ရွှေသက်လွတ်ဘုရားဝင်းရှိ သာသနာ့ဗိမာန်တော်၌ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ကာကွယ်ဆေးထိုးရန် သတ်မှတ်စုရပ်နေရာ ခြောက်နေရာဖြစ်သော ရွှေသက်လွတ်ဘုရားဝင်းရှိ သာသနာ့ဗိမာန်တော်၊ တေဇခန်းမ၊ ထုံးတောင်ကျေးရွာ၊ တလပါးကျေးရွာ၊ အလပ်လယ်ကျေးရွာနှင့် ဘော်ကျေးရွာတို့တွင် ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် နေ့စဉ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဝမ်းထွန်း (အောင်လံ)**

### ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီကစ၍ အသက် ၁၈ နှစ်ပြည့် ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဦးတည်အုပ်စု ၂၃ အုပ်စုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ညောင်လေးပင်မြို့ မြို့မ (၁) ရပ်ကွက်ရှိ မဟာတိလောက သယမ္ဘူဘုရားကြီးဝင်းအတွင်း၌ ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ပင်းတယ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို .နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ပင်းတယမြို့နယ်တွင် စုရပ်နေရာလေးနေရာ၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

စုရပ်နေရာများဖြစ်သည့် ပင်းတယမြို့ ဓနုဒေသခန်းမတွင် ၅၄၅ ဦး၊ ပွေးလှမြို့ အေးဘုန်းတော်ကြီးကျောင်းတွင် ဦးရေ ၁၈၀၊ မဲနယ်တောင် (လင်းလေအင်းဘုန်းတော်ကြီးကျောင်း)တွင် ၁၇၀၊ ကျားကုန်း အ-ထ-က ကျောင်းတွင် ၃၉၅ ဦး စုစုပေါင်း ၃၂၉၀ တို့အား ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ကာကွယ်ဆေးထိုးရန်လာရောက်သော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကိုယ်ပူချိန်တိုင်းတာစစ်ဆေးပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း၊ သွေးပေါင်ချိန် တိုင်းတာစစ်ဆေးပေးခြင်း၊ မှတ်တမ်းရေးသွင်းခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ကိုဦး (ပြန်/ဆက်)**

### ဟိုပန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၆၉၈ ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခွင့်ရရှိသည့် အသက် ၁၂ နှစ်ပြည့်ပြီး အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာစုရပ်များ၌ အောက်တိုဘာ ၁၇ ရက်တွင် ကျောင်းသား ၁၇၄ ဦးနှင့် ကျောင်းသူ ၂၁၄ ဦး စုစုပေါင်း ၃၈၈ ဦးနှင့် နိုဝင်ဘာ ၆ ရက်တွင် ကျောင်းသား ၁၄၁ ဦးနှင့် ကျောင်းသူ ၁၆၉ ဦး စုစုပေါင်း ၃၁၀ ရှိပြီး ယနေ့အထိ ကျောင်းသား ၃၁၅ ဦးနှင့် ကျောင်းသူ ၃၈၃ ဦး စုစုပေါင်း ၆၉၈ ဦးတို့ကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခွင့်ရရှိသည့် အသက် ၁၂ နှစ်နှင့် အထက် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူဦးရေ ၁၀၄၆ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

### မိုင်းရယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယနေ့နံနက် ၁၀ နာရီမှစ၍ မြို့နယ်စုရပ်ကျောင်းအသီးသီးတွင် ဆက်လက်ထိုးနှံပေးသည်။

အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံခြင်းကို မိုင်းရယ်မြို့ အမှတ် (၃) ရပ်ကွက်ရှိ အလက(မိုင်းရယ်)နှင့် မန်ဖျက်ကျေးရွာ အလက(မန်ဖစ်)တို့တွင် ကျောင်းသား ကျောင်းသူ ၅၂ ဦးအား ထိုးနှံပေးခဲ့ပြီး မိုင်းရယ်မြို့နယ်အတွင်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၄၁၆ ဦး ထိုးနှံနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ထိုက်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီး နှစ်ဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၇၅ ဦးနှင့် အမျိုးသမီး ၂၂၂ ဦး စုစုပေါင်း ၄၉၇ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

**စနစ်တကျဆောင်ရွက်ပေး**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများ၌ သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်၁၂နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒေသခံပြည်သူ ၁၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် မိုင်းခတ်မြို့တို့၌ ဒေသခံပြည်သူ ၂၂၂၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၃၆၀၄၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ထားဝယ်မြို့တို့၌ ဒေသခံပြည်သူ ၄၅၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၃၃၄ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၇၅၀ နှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၃၅၀ တို့ကို



တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ကျောင်းသား ကျောင်းသူ ၆၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၃၅၄ ဦး၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၈၅၀ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဓမ္မ ပုံပြင်

# ပညာရှိ အမတ်ကြီး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

**နဂါးပြဿနာ**

ထို့နောက် ရှေ့သို့ဆက်ကြပြန်၏။ နဂါးမင်းသည် ဂါမဏိစန္ဒကို မြင်လျှင် မှာကြားပြန်၏။

"အဆွေ၊ ယခင်က သည်ရေကန်ဝယ် ရေသည် ကြည်လင်၏။ မြအဆင်းနှင့်တူ၏။ ယခုအခါ၌မူကား နောက်ကျိနေလေပြီ။ အကြောင်းအသို့ရှိသနည်း။ မင်းကိုလျှောက်ထား၍ အကျွန်ုပ်အား ပြန်ကြားပါ"ဟု မှာကြားလေ၏။

ဂါမဏိစန္ဒကလည်း "ကောင်းပြီ"ဟု ဆိုကာ ဝန်ခံလိုက်ပြန်၏။

**ရသေ့ပြဿနာ**

ဤသို့ဖြင့် ရှေ့သို့ ခရီးဆက်ကြပြန်၏။ မြို့အနီးရှိ အရပ်၌နေကြသော ရသေ့တို့ထံ ရောက်သွားသည်။ ရသေ့တို့သည် ဂါမဏိစန္ဒကို မြင်လျှင် မှာကြားကြပြန်၏။

"ဒါယကာကြီး၊ ယခင်အခါက ဤအရပ်ရှိသစ်သီးကြီးငယ်တို့သည် ချိုမြိန်ကြ၏။ ယခုအခါမူကား ထိုသို့မဟုတ်။ ဩဇာအရသာ မရှိကုန်။ အကြောင်းအသို့ရှိသည်ကို မင်းအားလျှောက်ထား၍ ငါတို့အား ပြန်ကြားပါ"ဟု မှာကြား၏။

ဂါမဏိစန္ဒလည်း "ကောင်းပြီ"ဟု ဝန်ခံလိုက်ပြန်၏။

**ပုဏ္ဏားလုလင် ပြဿနာ**

ထို့နောက် ဂါမဏိစန္ဒတို့သည် ရှေ့သို့ ဆက်ပြန်၏။ မြို့တံခါးအနီး ဇရပ်တစ်ခု၌ ပုဏ္ဏားလုလင်ငယ်တစ်ဦးကို တွေ့၏။ ပုဏ္ဏားလုလင်ငယ်သည် ဂါမဏိစန္ဒကို မှာကြားပြန်၏။

"ဦးရီး၊ ယခင်က ကျွန်ုပ်တို့သည် သင်ယူပြီးသော ဗေဒင်ပညာများကို ကောင်းစွာမှတ်မိ၏။ မေ့ပျောက်ခြင်းမရှိပါ။ ယခုအခါမူကား သင်ယူပြီးသော ဗေဒင်ပညာတို့ကို မမှတ်မိကြ။ အိုးကွဲတွင် ရေမတည်သကဲ့သို့ ဖြစ်နေလေပြီ။ အကြောင်းအသို့ရှိသနည်း။ မင်းကို လျှောက်ထား၍ ပြန်ကြားပါ"ဟု မှာကြားပြန်၏။

ဂါမဏိစန္ဒကလည်း "ကောင်းပြီ"ဟု ဝန်ခံလိုက်၏။

ဤသို့လျှင် ဂါမဏိစန္ဒသည် အမှုလေးခုနှင့် ပြဿနာဆယ်ရပ်တို့ကို ယူဆောင်ကာ မင်းထံသို့ သွားလေသည်။

**နွားငှားမှု စီရင်ချက်**

အာဒါသမုခမင်းလည်း တရားဆုံးဖြတ်ရာ နေရာ၌ ထိုင်နေတော်မူ၏။ ထိုစဉ် နွားရှင်သည် ဂါမဏိစန္ဒကိုခေါ်၍ မင်း၏ ရှေ့တော်သို့ဝင်၏။

မင်းသည် ဂါမဏိစန္ဒကိုမြင်လျှင် ကောင်းစွာမှတ်မိ၏။

"ဤအမတ်ကြီးကား ငါ့ခမည်းတော်ထံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ ငါ့ကိုလည်း ချီပိုးထိန်းသိမ်းခဲ့ဖူးသည်"ဟု အမှတ်ရတော်မူ၏။ ထို့ကြောင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၏။

"အချင်း ဂါမဏိစန္ဒ၊ ငါ့ထံမှာ ခစားသည်ကိုမမြင်၊ ဤမျှလောက်ကြာအောင် ယခု အဘယ်ကိစ္စကြောင့် လာသနည်း"ဟု မေး၏။

"အရှင်မင်းမြတ်၊ အကျွန်ုပ်သည် အရှင့်ခမည်းတော် နတ်ရွာစံကတည်းကပင် ရွာသို့သွားကာ လယ်လုပ်၍ အသက်မွေးပါ၏။ ထိုရွာမှ ဤသူသည် အကျွန်ုပ်ကို နွားမှုဖြင့် တရားစွဲလာသောကြောင့် အရှင့် ရှေ့တော်မှောက်သို့ ရောက်ပါသည်"ဟု ဆို၏။

ထိုအခါ မင်းသည် ဂါမဏိစန္ဒအား... "သင့်ကို ခေါ်ဆောင်လာသူသည် အဘယ်သူနည်း"ဟု မေး၏။

ဂါမဏိစန္ဒကလည်း နွားရှင်ကို လက်ညှိုးညွှန်ကာ "ဤသူပင် ဖြစ်ပါသည်"ဟု လျှောက်ထား၏။

မင်းသည် နွားရှင်အား ဖြစ်ပျက်ပုံကို တင်ပြစေ၏။

ထိုအခါ နွားရှင်က... "အရှင်မင်းမြတ်၊ ဂါမဏိစန္ဒသည် အကျွန်ုပ်၏နွားနှစ်ကောင်ကို ငှားရမ်းပြီး ပြန်မပေးပါ"ဟု လျှောက်၏။

ထိုအခါ မင်းကြီးက.. "အချင်း ဂါမဏိစန္ဒ မှန်သလော"ဟု မေး၏။ ဂါမဏိစန္ဒကလည်း ဖြစ်ပျက်ပုံအလုံးစုံကို အမှန်အတိုင်းလျှောက်ထား၏။

ဂါမဏိစန္ဒလျှောက်ထားသည်ကို မင်းသည် ကောင်းစွာနာကြားပြီးလျှင် နွားရှင်အား မေးမြန်း၏။

"အချင်း နွားရှင်၊ သင့်အိမ်သို့ ဝင်သောနွားတို့ကို မြင်သလော"

"အရှင်မင်းမြတ် မမြင်ပါ"

"အချင်းနွားရှင် ငါအာဒါသမုခမင်း ဖြစ်သည်ကို သင်မသိပါသလော၊ မှန်စွာလျှောက်ထားလော့"

ထိုအခါ နွားရှင်သည် မလိမ့်ဝံ့တော့။ "နွားတို့ကို မြင်ပါ၏"ဟူ၍ အမှန်ကို လျှောက်ထားရ၏။

ထိုအခါ မင်းက .... "အချင်းဂါမဏိစန္ဒ၊ သင်သည် နွားတို့ကို မအပ်ခဲ့သည့်အတွက် နွားဖိုးကို လျော်ရမည်၊ ဤနွားရှင်ကလည်း မဟုတ်မမှန် ပြောဆို၊ တရားစွဲဆိုသည့်အတွက် ဂါမဏိစန္ဒက နွားရှင်လင်မယား နှစ်ယောက်စလုံး၏ မျက်စိတို့ကို ထုတ်ပစ်ရမည်။ နွားဖိုးလျော်ကြေးအတွက် ဂါမဏိစန္ဒက ငါ၏ဘဏ္ဍာတိုက်မှ နွားဖိုး နှစ်ဆယ့်လေးအသပြာကို ထုတ်ယူ၍ နွားရှင်တို့ကို ပေးလျော်စေ"

ဤသို့ဆုံးဖြတ်လိုက်ရာ နွားရှင်သည် အလွန်ထိတ်လန့်သွားသည်။ မိမိတို့၏ မျက်စိတို့ကို ဖောက်ထုတ်ခံရလျှင် လျော်ကြေး နှစ်ဆယ့်လေးအသပြာရသော်လည်း အဘယ်အကျိုးရှိအံ့နည်းဟု ဆင်ခြင်မိကြသည်။ ဂါမဏိစန္ဒကို ရှိခိုး၍...။

"အရှင်ဂါမဏိစန္ဒ... နွားဖိုးအသပြာတို့ကို အကျွန်ုပ်တို့ မယူလိုပါ။ အကျွန်ုပ်တို့၏ မျက်စိတို့ကိုလည်း ထုတ်ယူခြင်းမပြုပါနှင့်"ဟု တောင်းပန်လေသည်။ ဤသို့ တောင်းပန်ရုံမျှမက သူ့တွင်ပါလာသော အသပြာတို့ကို ဂါမဏိစန္ဒအားပေး၍ ထွက်ပြေးသွားလေသည်။

**ကိုယ်ဝန်ပျက်မှု စီရင်ချက်**

ထို့နောက် ကိုယ်ဝန်ပျက်ကျသူ အမျိုးသမီး၏ ယောကျ်ားက စွဲဆိုသောအမှုကိုမင်းက ကြားနာလေ၏။

"အရှင်မင်းမြတ်၊ ဂါမဏိစန္ဒသည် အကျွန်ုပ်မယား၏ ကိုယ်ဝန်ကို ပျက်ကျစေပါသည်"ဟု အမျိုးသမီး၏ ယောကျ်ားက လျှောက်ထား၏။

မင်းက... "အချင်းဂါမဏိစန္ဒ၊ မှန်ပါသလော" ဟု မေး၏။ ထိုအခါ ဂါမဏိစန္ဒက ဖြစ်ပျက်ပုံအလုံးစုံကို အမှန်အတိုင်း လျှောက်ထား၏။

ဤတွင် မင်းက ထိုယောကျ်ားအား စစ်ဆေးမေးမြန်း၏။

"အချင်းယောကျ်ား၊ သင့်မယား ကိုယ်ဝန်ပျက်ကျပုံကို လုံလောက်အောင် သက်သေပြနိုင်ပါသလော"

"အရှင်မင်းမြတ်၊ မပြနိုင်ပါ"

"အချင်းယောကျ်ား၊ ယခု မည်သို့ ပြုရအံ့နည်း"

"အရှင်မင်းမြတ်၊ ကျွန်ုပ်၏ သားကို ရလိုပါသည်"

ဤတွင် မင်းက... "အချင်းဂါမဏိစန္ဒ၊ သင်သည် သူ၏မယားကို သင့်အိမ်တွင်ထား၍ ပေါင်းသင်းနေထိုင်လော့၊ သားတစ်ယောက်ရသောအခါတွင် သူ၏ လင်ယောကျ်ားထံ ပြန်ပေးစေ" ဟု စီရင်ချက်ချလိုက်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



## ကဗျာ

### တန်ဆောင်မေ

နှင်းရည်သီး၍
စိုလည်းစိုလန်း၊ မြနွယ်ဒန်းဝယ်
ဆန်းလည်းဆန်းစွ၊ ကြွရရှုတည့်
လှလည်းလှပေ၊ ခဝဲရွှေသည်
မြောက်လေသွေး၍ ယိမ်းပြီကော။
လင်းဆီမီးနှင့်
ထွန်းလည်းထွန်းညှိ၊ ပူဇော်ဘိ၍
ရှိလည်းရှိခိုး၊ ပျပ်ဝပ်ကျိုးလျက်
ကိုးလည်းကိုးကွယ်၊ ဆုပန်ရွယ်သည်
တိုင်းနယ်အေး၍ ငြိမ်းစေသော။
ဆင်းရည်ညီးလျက်
ပလည်းပဝင်း၊ လှများမင်းကို
လင်းလည်းလင်းစွာ၊ မီးရောင်ဝါဝယ်
သာလည်းသာရှင်၊ ကျွန်ုပ်မြင်သည်
နှိုင်းယှဉ်တုလွတ် နတ်မေလော။ ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှု ၁၀

# ဆယ်ကျော်သက်များနှင့် မူးယစ်ဆေးဝါး ပြဿနာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ခေတ်မီလူ့အသိုက်အမြုံတိုင်းတွင် လူတို့သည် မူးယစ်ဆေးဝါး အသုံးပြုကြသည်။ သို့သော်လည်း ယနေ့လူငယ်တို့သည် တရားဝင်နှင့် တရားမဝင် မူးယစ်ဆေးဝါးနှင့် အရွယ်ငယ်ငယ်ကတည်းကပင် အတတ်ဆန်းနေကြသည်။ အချို့ လူမှုဗေဒပညာရှင်များကမူ မိဘများနှင့် လူမှုအသိုက်အမြုံဝင် အခြားသူတို့က နမူနာပြဆိုနေကြသည်ဟု ဆိုကြသည်။

**အတတ်ဆန်းနေကြ**

ယနေ့ကာလတွင် လူငယ်တို့ မူးယစ်ဆေးဝါး အလွဲသုံးစားသုံးစွဲမှုသည် ယဉ်ကျေးမှုတော်တော်များများတွင် ကြီးလေးသော ပြဿနာတစ်ရပ်ဖြစ်နေသည်။ တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှု တိုးတက်မြင့်မားနေသည်သာမကသေး။ အသက် ၁၀ နှစ်မျှသာရှိသော ကလေးသူငယ်များက အရက်နှင့် စီးကရက်တို့ကို အတတ်ဆန်းနေကြပေသည်။ ဤသို့ ပြုကျင့်လာကြသည့် အကြောင်းတရားက မသဲကွဲချေ။ သို့သော် အချို့လူမှုဗေဒပညာရှင်များကမူ လူကြီးတို့၏ နမူနာပြချက်များကို အပြစ်ဖို့သည်။

တရားလွန် အရက်သောက်၊ စီးကရက်သောက်သော မိဘတို့သည် တကယ်တမ်းတွင် သူတို့သားသမီးတို့အား မူးယစ်ဆေးဝါးဖြင့် သူတို့ခန္ဓာကိုယ်ကို ဖျက်လိုဖျက်ဆီးပြုခြင်းသည် လက်ခံထားသော အပြစ်ဖြစ်သည်ဟု သွန်သင်ပြောပြနေရာရောက်သည်။ ထိုအကျိုးဆက်ကြောင့် ပင်လျှင် ကလေးတို့သည် သူတို့မိဘများက တရားမဝင် မူးယစ်ဆေးဝါး သုံးစွဲမှုကို ဆန့်ကျင်သည့်တိုင်အောင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အလားတူ အမြင်ရှိနိုင်သည်။ ထို့အပြင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်များ ထဲတွင် မူးယစ်ဆေးဝါး မှီဝဲမှုကိုပြသခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုသည် မှားယွင်းပါကြောင်း ကျောင်းများတွင် သင်ကြားရသော ကလေးတို့ကိုလည်း စိတ်ရှုပ်ထွေးသွားစေနိုင်သည်။

အလုပ်များအတွက် ပြိုင်ဆိုင်နိုင်ရေးအတွက် ကျောင်းတွင် အမှတ်ကောင်းရအောင်ကြိုးစားရန် လူငယ်တို့ကို ဖိအားပေးမှုသည် ပြဿနာဖြစ်စေပါစေသည်။ အကြောင်းတရားရင်းမြစ်တစ်ခု ဖြစ်နိုင်သည်။ လူငယ်အတော်များများက သူတို့မိဘမျှော်လင့်သည့် အဆင့်အတန်းဝင်အောင် မတတ်နိုင်ဟုယူဆပြီး စိတ်ကုန်သည့်အနေအထား ရှိတတ်ကြသည်။ ထို့အပြင် မူးယစ်ဆေးဝါးများ ကျယ်ကျယ်ပြန့်ပြန့် ရလွယ်မှုသည် ဆယ်ကျော်သက်များအား အတတ်ဆန်းရန် မြူဆွယ်သည့်အနေကို ရင်ဆိုင်မိစေသည်။ လူမှုအသိုက်အမြုံတွင် ယင်းတို့ ရင်ဆိုင်နေရသော ဖိအားကို မကျေနပ်ကြောင်း ဖော်ကျူးချက်အနေဖြင့် မူးယစ်ဆေးဝါးကို အသုံးပြုသည်။

**အသက်ဆုံးရှုံးနိုင်**

မူးယစ်ဆေးဝါး အလွဲသုံးစားမှုဂယက်ကို အသိများပေသည်။ လူငယ်များစွာတို့၏ ပါရမီအရည်အသွေးတို့ ဖြုန်းပစ်ရာရောက်ရပြီး မူးယစ်ဆေးဝါး အပြင်းစားတို့ကို စွဲမှုကြောင့် သူ(သို့)သူမ အသက်ဆုံးရှုံးနိုင်သည်။ ထို့အပြင် အရက်သောက်ပြီး ကားမောင်းသူတို့သည် အသက်ဘေးသင့်၍ လမ်းအန္တရာယ်ထိခိုက်မှုမျိုး ကြုံနိုင်ပေသည်။ လူ့အသိုက်အမြုံအတွက် ကုန်ကျစရိတ်က ကြီးမားလှသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူတို့ကို အရေးယူရန်နှင့် ပညာပေးအစီအစဉ်များတွင် ငွေကြေးများစွာ အကုန်ကျခံနေပေသည်။

အနှစ်ချုပ်ပြောရလျှင် ဤပြဿနာကိုဖြေရှင်းရန် တစ်ခုတည်းသော အဆင်အခြင်ပြည့်ဝသည့် နည်းလမ်းကား မူးယစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်အကြောင်း လူငယ်တို့ကို ပညာပေးရန်နှင့် သူတို့ပေါ်တင်ထားသော ပြိုင်ဆိုင်ရေးဖိအားကို လျှော့ချရေးအတွက် အဆင်သင့်ဆောင်ရွက်မှုများ ပြုရန်ပင်ဖြစ်သည်။

Reference: (Teenagers and Drug problems Essay, Internet)

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက် အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံးစရာ

### ပိုက်ဆံရှိဖို့လို

ဝေဖန်ရေးဆရာ။ ဟင်းတစ်ခွက်ကို ကိုယ်တိုင်ချက်တတ်စရာ မလိုဘူး။ စားကြည့်ပြီး အရသာကို သုံးသပ်တတ်ဖို့သာ ဝေဖန်သူတွေမှာ လိုအပ်တာ။

စားပွဲထိုး။ ဒါပေမယ့် ဝယ်စားဖို့ ပိုက်ဆံရှိဖို့တော့ လိုမယ်ထင်တယ် ဆရာရဲ့။

### ယောကျ်ားတန်ဖိုး

မိန်းမ။ ရှင်ဟာ ကမ္ဘာပေါ်မှာ တန်ဖိုးမရှိဆုံး ယောကျ်ားပဲ။

ခင်ပွန်း။ ဟဲ့ ဟဲ့ မနေ့က ငါလမ်းဖြတ်ကူးတဲ့အတွက် မင်းပဲ ဒဏ်ငွေ ၇၅၀ နဲ့ လိုက်ရွေးခဲ့တယ် မဟုတ်လား။

### နောက်မှာ စောင့်နေတယ်

ဝံပုလွေ။ ဟေ့၊ ဒါငါသောက်နေတဲ့ စမ်းချောင်းကွ။

သိုးငယ်။ ဒါမျိုးတွေရိုးနေပြီ၊ ခင်ဗျားကြီးလှုပ်မယ်မကြံနဲ့။ ကျွန်တော့်ကို ထိန်းတဲ့မုဆိုးက ခင်ဗျားနောက်မှာ ဒူးလေးနဲ့ စောင့်နေတယ်။

### လူ့တန်ဖိုး ဘာနဲ့ဆုံးဖြတ်

ဒဿနပညာရှင်။ လူတစ်ယောက်ရဲ့တန်ဖိုးကို ဘာနဲ့ဆုံးဖြတ်မလဲ။

စီးပွားရေးပညာရှင်။ ခင်ဗျားရဲ့ငွေစုစာအုပ် တစ်ဆိတ်လောက် ကြည့်ရအောင်။

မာတင်ဖဲ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၃ ဒသမ ၅၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၀၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၅၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၃၁,၁၁၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၀၆,၈၁၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၃၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၈,၂၃၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၈၂၁) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆-၁၁-၂၀၂၁) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၁၃,၉၀၅,၇၉၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၈,၂၄၇,၁၈၈) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၆၅၈,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၆-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၂,၁၅၂,၉၈၃) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုး အဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထု အနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃၇) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆၂) ခု | (၁၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၆) ခု | (၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၂၁၀) ခု | (၆၉၈) ဦး |
| **စုစုပေါင်း** | **(၂၃,၀၆၅) ခု** | **(၈၁၈) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၆-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၆၅၈,၆၀၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၈,၂၄၇,၁၈၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၃,၉၀၅,၇၉၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၂,၁၅၂,၉၈၃) ကြိမ် |

  - လက်ကိုမကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၃၁၃၄၁၂ | ၃၇၃၁၁၆၆၆ | ၇၇၅၀၉၅ |
| ၂။ | အိန္ဒိယ | ၃၄၃၅၄၉၆၆ | ၃၃၇၄၀၉၂၆ | ၄၆၀၇၈၇ |
| ၃။ | ဘရာဇီး | ၂၁၈၇၄၃၂၄ | ၂၁၀၆၂၂၁၈ | ၆၀၉၄၁၇ |
| ၄။ | ဗြိတိန် | ၉၂၇၂၀၆၆ | ၇၅၆၀၉၄၈ | ၁၄၁၇၄၃ |
| ၅။ | ရုရှား | ၈၇၉၅၀၉၅ | ၇၅၆၁၉၇၈ | ၂၄၆၈၁၄ |
| ၆။ | တူရကီ | ၈၂၀၆၃၇၅ | ၇၆၈၀၁၅၂ | ၇၁၉၂၇ |
| ၇။ | ပြင်သစ် | ၇၂၀၈၉၃၇ | ၆၉၇၁၁၅၂ | ၁၁၇၉၀၀ |
| ၈။ | အီရန် | ၅၉၈၇၈၁၄ | ၅၆၀၁၇၆၄ | ၁၂၇၂၉၉ |
| ၉။ | အာဂျင်တီးနား | ၅၂၉၆၁၈၈ | ၅၁၆၂၇၁၃ | ၁၁၆၀၉၁ |
| ၁၀။ | စပိန် | ၅၀၂၅၆၃၉ | ၄၈၇၇၉၂၂ | ၈၇၅၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၈၁၆၅ | ၄၀၉၃၇၉၅ | ၁၄၃၅၄၅ |
| ၂။ | ဖိလစ်ပိုင် | ၂၈၀၃၂၁၃ | ၂၇၂၅၂၅၇ | ၄၄၄၃၀ |
| ၃။ | မလေးရှား | ၂၅၀၁၉၆၆ | ၂၄၀၇၂၀၅ | ၂၉၂၅၆ |
| ၄။ | ထိုင်း | ၁၉၆၇၉၉၉ | ၁၈၄၉၉၆၈ | ၁၉၆၆၄ |
| ၅။ | ဗီယက်နမ် | ၉၆၈၆၈၄ | ၈၄၀၄၀၂ | ၂၂၅၃၁ |
| ၆။ | မြန်မာ | ၅၀၆၈၁၆ | ၄၇၈၂၃၃ | ၁၈၈၂၁ |
| ၇။ | စင်ကာပူ | ၂၁၅၇၈၀ | ၁၈၉၁၂၃ | ၄၈၀ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၀၉၂ | ၁၁၅၄၄၇ | ၂၈၂၉ |
| ၉။ | လာအို | ၄၇၀၅၆ | ၃၈၆၈၁ | ၈၂ |
| ၁၀။ | ဘရူနိုင်း | ၁၃၇၄၂ | ၁၂၄၄၅ | ၉၃ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၅-၁၁-၂၀၂၁ ရက်နေ့မှအဆက်**

"ကြည့်စမ်းအစ်ကို။ ဘာလုပ်ဦးမလို့လဲ ဒါက"

ခင်ခင်ကြီးသည် အထိတ်တလန့်ဆိုမိသည်။

မောင်မောင်ဦး ဘာမှမပြောတော့။ သူသည် ခင်ခင်ကြီး၏ကိုယ်ကို တင်းကျပ်သည်ထက် တင်းကျပ်အောင် ဖက်ထားသည်။

လေးနာရီထိုးပြီဆိုလျှင် ဖိုးကျော့သည် ဘုရားကုန်းပေါ်မှ ဆင်းခဲ့သည်။ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

"ရိုးတစ်လျှောက် ဖြူးမောက်ပါတဲ့ လယ်ပတူ"

သူက အသံပေးသည်။ သို့တိုင်အောင် အိမ်အတွင်းမှ လှုပ်ရှားမှုကိုမမြင်။ လူအရိပ်အယောင်ကို မတွေ့ရသေး။ သီချင်းကို အဆုံးတိုင်ရသည်မဟုတ်၍ ပထမအပိုဒ်ပင် ပြန်ကျော့ရသည်။

"ရိုးတစ်လျှောက် ဖြူးမောက်ပါတဲ့ လယ်ပတူ"

သည်အထိ မောင်မောင်ဦးတို့၏ အသံကို မကြားရ။ သို့ဖြင့် ကျယ်ကျယ်ကလေး ထပ်၍ ဟစ်လိုက်ရသည်။

"ရိုးတစ်လျှောက် ဖြူးမောက်ပါတဲ့"

သည်တွင် မောင်မောင်ဦး၏အသံကို သူကြားရသည်။

"ဟော့ကောင် ဒူမနေနဲ့ တို့ဆင်းလာပြီ"

x x x x x

[ ၁၆ ]

မည်သို့ပင် စိတ်မှာအေးခဲ့ရပြီ ဆိုစေ၊ အိမ်သို့ ဝင်ရတော့မည်ဆိုသောအခါ စိုးရွံ့ကြောက်လန့်စိတ်ကို ဖျောက်ဖျက်၍ မရနိုင်။ ပူပန်ရခြင်းကို မေ့ပျောက်၍ မရပေ။

မောင်မောင်ဦးသည် ခင်ခင်ကြီးအား ရေနံ့သာအိမ်နှင့် မနီးမဝေးသို့ရောက်သည်အထိ မြင်းရထားဖြင့် လိုက်ပို့ပေးသည်။ ခင်ခင်ကြီးသည် ရထားပေါ်မှ ဆင်းလျှင် "အစ်ကို ပြန်နှင့်လေ"ဆိုသည်။ အခါတိုင်းကလို မောင်မောင်ဦး ပြန်သွားသည်ကို စောင့်ကြည့်နေသည်။ သို့ပေမဲ့ တစ်ခုတော့မှာသည်။

"အစ်ကို ခင်ကြီးကိုခွဲပြီး ပြန်နှင့်စေချင်တာ ခင်ကြီးမှာ အကြောင်းရှိတယ်။ ခင်ကြီးက အစ်ကို့ကို ခွဲခွာမထားခဲ့ချင်တဲ့ သဘောပဲ။ အစ်ကိုက အရင်ခွဲခွာသွားချင်တဲ့ သဘောပဲ။ ဒါပေမဲ့ အမြဲတမ်း ခွဲခွာသွားတဲ့သဘောတော့ မဖြစ်စေချင်ဘူး အစ်ကိုရယ်"

ခင်ခင်ကြီးသည် မောင်မောင်ဦး စီးနင်းလိုက်ပါသွားသည့်ရထား ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေသည်။ ပြီးမှ အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည်။

အိမ်အတွင်းဝင်ခဲ့လျှင် ဘွားဘွားနှင့်မေမေကို ဧည့်ခန်းမှာ မြင်ရသည်။ သည်တော့လည်း ရင်ထိတ်ရသေးသည်။

"သမီး ဘယ်သွားတာလဲဟင်"

မေမေက ဆီးကြိုမေးသည်။

"ဟိုဘက်အိမ်တင်ပါ မေမေ။ မသန်းဆင့်တို့အိမ်တင်ပါ"

"ဘယ်သူ့ကို ပြောသွားသလဲ"

ဘွားဘွား၏ ကြားဖြတ်အမေး။

"အမယ်လေး၊ ဒီအိမ်နဲ့ ဟိုအိမ်ကူးတာများ အခွင့်ခံရဦးမှာလား ဘွားဘွားရဲ့"

"အခွင့်ခံရမယ်။ ဘယ်သွားသွား လူကြီးတွေကို ပြောသွားရမယ်လို့ မှာထားတယ် မဟုတ်လား။ တို့ကိစ္စနဲ့ ရှုပ်နေတာနဲ့ ညည်းအဖို့ တယ်လွတ်လပ်နေသပေါ့လေ။ ဟုတ်စ။ တို့က ညည်းအခန်းမှာ ညည်းရှိနေတယ် အိပ်ပျော်နေတယ်မှတ်လို့"

"အမယ်လေး အခုမှများ ပူနေတတ်လိုက်တာ" ခင်ခင်ကြီးက ကိုယ့်အဓိပ္ပာယ်နှင့် ကိုယ်ပြောသည်။

"ဘာ ... ခင်ခင်ကြီး ဘာပြောတယ်"

နားမလည်နိုင်ရှာသော ဘွားဘွားမှာ ခေါင်းထောင်ထလာသည်။

သည်တွင် မေမေဝင်ပြောသည်။ ဝင်၍ စကားဖြတ်သည်။

"နောက်ကျရင် ဘယ်သွားသွား ပြောသွားရမယ် ဟုတ်လားသမီး။ ကဲပါ အမေရယ် သူနဲ့တုပြောမနေပါနဲ့ စောစောက စကားကိုဆက်ပါဦး"

မေမေတို့တွင် ခင်ခင်ကြီးထက် စိတ်ဝင်စားဖွယ်သော အကြောင်းကိစ္စ ရှိနေပုံရသည်။ အရေးကြီးသော စကားကို ပြောကြစဉ် ခင်ခင်ကြီး ဝင်ရောက်လာမိပုံမျိုးပင်ဖြစ်မည် ထင်သည်။ ဘွားဘွားက စကားဆက်သည်။

"မလှဝေကလည်း အတော်ရှက်နေသတဲ့၊ စေ့စပ်ကြောင်းလမ်းတာ ပျက်ပြီဆိုတာသိတာနဲ့ တစ်ပြိုင်နက် အခန်းထဲဝင်ပြီး ငိုတော့တာပဲတဲ့"

ကိုကို့အကြောင်းဖြစ်နေ၍ ခင်ခင်ကြီး အိမ်ပေါ်ထပ်သို့ မတက်သေးဘဲ စောင့်ဆိုင်းနားထောင်နေမိသည်။

**နွေသည် ရံခါတွင်သာ လှပ၍ ရံခါတွင် အကျည်းတန်ခြင်းရှိသည်။ ထိုနည်းတူပင် မိုးသည်လည်း ရံခါတွင်သာ လှပ၍ ရံခါတွင် အကျည်းတန်ခြင်းရှိသည်။ ယင်းအဖြစ်ကို မေ့လျော့နေမိချိန်တွင်သာ မိုးဟူသည် မြတ်နိုးဖွယ်ဟူ၍ ထင်မှတ်မိသကဲ့သို့ ခင်ခင်ကြီးသည်လည်း ကံကြမ္မာလူလှည့်စား၏ ဖြားယောင်းတတ်ခြင်းသဘောကို မေ့လျော့နေမိခြင်းဖြစ်သည်။ စင်စစ် သူမအဖို့ တဒင်္ဂဟန်မျှ သာယာကြည်နူးနေရခြင်းမှာ မုန်တိုင်းမတိုက်ခတ်သေးမီကာလ၌ လောကအလုံး သာယာနေတတ်ခြင်းမျိုးသာ ဖြစ်သည်ဆိုခြင်းကို ခင်ခင်ကြီးမတွေးတတ်သေး၊ မတွေးမိသေး။**

"မလှဝေတို့ မိဘတွေဆိုရင်လည်း မျက်စိမျက်နှာ ပျက်နေတော့တာပဲတဲ့။ တို့များက သူတို့ရဲ့ အရှက်ကို သက်သက်ခွဲနေတယ်လို့ ပြောနေကြသတဲ့"

ဘွားဘွားသည် ကိုကိုနှင့် စေ့စပ်ထားခဲ့သော မလှဝေတို့ဘက်က ခံစားရချက်များကို ကြားခဲ့ရပုံပေါ်သည်။ ယင်းသတင်းများကို မေမေအား ဖောက်သည်ချနေဟန်တူသည်။

မေမေသည် သက်ပြင်းရှိုက်သည်။ ညည်းညူသလို ဆိုသည်။

"ဒီအဖြစ်တွေဟာ အတော်တော့ စိတ်မကောင်းစရာပဲ အမေ။ မလှဝေရဲ့ မိဘတွေနဲ့ အစဉ်အဆက်ဆိုသလို အဆင်ပြေပြေနေလာခဲ့ကြပြီး အခု မျက်နှာပျက်စရာ ဖြစ်ရတာ စိတ်မကောင်းစရာဘဲ"

"ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ။ ကိုယ်လုပ်တဲ့ အလုပ်မဟုတ်ဘဲ သူ့ဘာသာဖြစ်လာတာဆိုတော့ အခက်သားပဲ"

သည်တွင် ခင်ခင်ကြီး အိမ်ပေါ်သို့ တက်ခဲ့သည်။

သို့ဖြင့် မိုးသက်မိုးနံ့ရသောအခါ ကာလ၏ ပူလောင်ပြင်းပြရခြင်းများ လျော့ပါးလာရသည်သို့ တစ်နွေလုံးပူခဲ့ရသော ခင်ခင်ကြီး၏ရင်မှာ ယခုအခါ အေးမြစပြုလာလေသည်။ သို့နှင့်အမျှ ယခင်ကလို ငူငူငိုင်ငိုင်မနေတော့။ ထိုင်းမှိုင်းမဟုတ်တော့၊ သွက်လက်လာသည်။ ဖျတ်လတ်လာသည်။ အိမ်မှာ ရွှင်ရွှင်ပျပျနေနိုင်သူဟူ၍ ခင်ခင်ကြီးတစ်ယောက်သာရှိသည်။ အခြားသူများကား အကြောင်းအမျိုးမျိုးဖြင့် စိတ်ရှုပ်ထွေး နောက်ကျိနေကြကုန်သည်။

သစ်ပင်တို့သည် ရွက်ဝါကျင်ကို အကုန်အစင်နီးပါး စွန့်ခဲ့ကြပြီဖြစ်သည်။ တစ်ဖန် အဝတ်တန်ဆာသစ်ကို ပြန်လည်လွှမ်းခြုံအံ့ဟု ပုရစ်နုရွက်သစ်များကို အားယူမွေးမြူစပြုသည်။ ယင်းသို့ပင် ခင်ခင်ကြီးသည်လည်း သူမ၌တင်ရှိနေအပ်သော စိတ်ဝမ်းမချမ်းမြေ့ဖွယ်အဖြစ်များကို စွန့်ပစ်နိုင်ခဲ့ပြီဟု ယူဆသည်။ ရှေ့အဖို့တွင် စိတ်ဝမ်းချမ်းမြေ့ဖွယ်အဖြစ်တို့သာ ပေါ်ပေါက်လာလေတော့မည်ဟု ထင်မှတ်နေသည်။

စင်စစ်တွင်ကား မိုး၏ခက်ထန်သောသဘော၊ ရက်စက်ကြမ်းကြုတ်သော သဘောကို စစ်ကြောနားမလည်နိုင်သေးခင်တွင်သာ မိုးကိုတောင့်တနေမိသည့် အဖြစ်မျိုးဖြစ်သည်။ နွေကိုမေ့လို၍ မိုးကိုတောင့်တသည်။ မိုးအခါကျပြန်တော့လည်း ရံခါတွင်သာ လှပသိမ်မွေ့ခြင်းရှိတတ်သည်။ ရံခါတွင်ကား မိုးသည် လောကအားလုံးကို ဟစ်ကြွေးခြိမ်းခြောက်ခြင်း ရှိတတ်သည့်သဘောကို မေ့လျော့နေသည်။ နွေသည် ရံခါတွင်သာ လှပ၍ ရံခါတွင် အကျည်းတန်ခြင်း ရှိသည်။ ထိုနည်းတူပင် မိုးသည်လည်း ရံခါတွင်သာလှပ၍ ရံခါတွင် အကျည်းတန်ခြင်းရှိသည်။ ယင်းအဖြစ်ကို မေ့လျော့နေမိချိန်တွင်သာ မိုးဟူသည် မြတ်နိုးဖွယ်ဟူ၍ ထင်မှတ်မိသကဲ့သို့ ခင်ခင်ကြီးသည်လည်း ကံကြမ္မာလူလှည့်စား၏ဖြားယောင်းတတ်ခြင်းသဘောကို မေ့လျော့နေမိခြင်းဖြစ်သည်။ စင်စစ်သူမအဖို့ တဒင်္ဂဟန်မျှ သာယာကြည်နူးနေရခြင်းမှာ မုန်တိုင်းမတိုက်ခတ်သေးမီကာလ၌ လောကအလုံး သာယာနေတတ်ခြင်းမျိုးသာ ဖြစ်သည်ဆိုခြင်းကို ခင်ခင်ကြီးမတွေးတတ်သေး၊ မတွေးမိသေး။

အကယ်၍ မောင်မောင်ဦးတို့အိမ်ကို လှမ်း၍ မြင်နိုင်မည်။ မောင်မောင်ဦး၏ရင်သို့ ခွဲဝင်ရောက်ရှိကာ သူ၏ နှလုံးသားကို ကြည့်မြင်နိုင်ခွင့်ရှိမည်ဆိုလျှင် ခင်ခင်ကြီး ယခုလို သာယာရွှင်ပျနေနိုင်လိမ့်မည် မထင်ရပေ။

ခင်ခင်ကြီး ပို့ပေးခဲ့ပြီးနောက် မောင်မောင်ဦးအိမ်သို့ ပြန်လာသည်။ သူ၏ဖခင်နှင့် မိခင်တို့က ထုံးစံအတိုင်း ဝမ်းသာအားရ ဆီးကြိုကြသည်။ တစ်ခဏအတွင်းမှာတော့ ချမ်းမြေ့ပျော်ရွှင်ကြရသည်ပင်။

"မေမေ့ကို ကြည့်ရတာ ပိုပြီး ပိန်နေသလိုပဲနော်"

မောင်မောင်ဦးဆိုသည်။

မှန်သည်။ ဒေါ်သူဇာသည် ပွဲရုံအလုပ်ကိုလုပ်မှ ပို၍ ပိန်သွားသည်။ ပို၍ကြုံလှီသွားသည်။ များစွာအိုစာလာသည်ဟု ထင်ရသည်။ ဦးကောင်းမိုးမှာမူ ပုံစံမပျက်။ ယခင်အတိုင်းပင်။ ဆံပင်တစ်ချောင်း စလောက်ဖြူလာခြင်းသာ ထူးခြားသည်။

ဒေါ်သူဇာ အစားအသောက်ချက်ပြုတ်ရန် ပြင်ဆင်နေခိုက် မောင်မောင်ဦးနှင့် ဦးကောင်းမိုးတို့ ဧည့်ခန်းမှာ ကျန်ရစ်ကြသည်။

"သား ဒီကနေ့ ပြန်လာမယ်ဆိုတာ ဖေဖေမသိဘူး"

ဦးကောင်းမိုးက ပြောသည်။ တစ်ဆက်တည်းမှာပင် သားဖြစ်သူ၏မျက်နှာကို အကဲခတ်သလို ကြည့်ကာ မေးခွန်းထုတ်သည်။

"ဒါထက်။ သားနဲ့ ရေနံ့သာအိမ်ကလူတွေနဲ့ ဘယ်လိုအဆက်အသွယ်ရှိနေကြသလဲဟင်"

ဦးကောင်းမိုး၏ အမေးစကားကြောင့် မောင်မောင်ဦး တုန်လှုပ်သွားရသေးသည်။

"ဘယ်လိုအဆက်အသွယ်မှ မရှိပါဘူးဖေဖေ။ ဘာဖြစ် လို့လဲဟင်"

"နေ့လယ်က အောင်ခန့်ရဲ့သမီး အိမ်ကိုလာတယ်"

မောင်မောင်ဦးသည် ယင်းစကားကို သိပြီးသားဖြစ်ပါလျက် မသိကျိုးကျွန်ပြုလိုက်သည်။ အံ့သြဟန်ပြင်လိုက်သည်။

"ဘာအတွက် လာတာတဲ့လဲ ဖေဖေ"

"သူက သားကိုလာမေးတာပဲ"

"ဟုတ်လား"

"ဟုတ်တယ်။ တခြားဘာမှတော့ မေးလို့ မရဘူး။ သားနဲ့ စကားပြောစရာရှိလို့တဲ့"

"သူ့အစ်ကိုအကြောင်း လာမေးတာပဲ ထင်ပါရဲ့ ဖေဖေရယ်"

သည်တွင် ဦးကောင်းမိုးသည် ခင်ခင်ကြီးအိမ်သို့ လာသည်ဆိုခြင်းထက် ခင်မောင်ညွန့်အကြောင်းကို ပိုမို စိတ်ဝင်စားသွားရဟန်တူသည်။

"အခု ခင်မောင်ညွန့် ဘာဖြစ်သွားပြီလဲဟင်"

"ဘာကိုဆိုလိုတာလဲ ဖေဖေ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခေတ္တရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများအားလုံးတွင် (၈.၁၁.၂၀၂၁) ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(က) **ယာဉ်မောင်းလိုင်စင်အသစ် ဖြေဆိုထုတ်ပေးခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င”ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုမည့်သူများသည် Online Booking စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကြရန်ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း၊ ရေးဖြေဖြေဆိုခြင်းနှင့် လက်တွေ့ယာဉ်မောင်းဖြေဆိုခြင်းများကို တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)တွင် ဖွင့်လှစ်လက်ခံဆောင်ရွက်ပေးသွားပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ [မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများဖြစ်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) တို့မှအပ] တွင် ဖြေဆိုမည့်သူများသည် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာရုံး အစီအစဉ်ဖြင့် ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးသွားပါမည်။

(ခ) **ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း**

(၁) ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံးတွင် “က-၁” ယာဉ်မောင်းလိုင်စင်၊ “က” ယာဉ်မောင်းလိုင်စင်၊ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င” ယာဉ်မောင်းလိုင်စင်များကို Online Booking စနစ်ဖြင့် ရက်ချိန်းရယူပြီးမှ လက်ခံဆောင်ရွက်ပေးပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာရုံးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။

၂။ အောက်ပါကာလအတွင်း သက်တမ်းကုန်ဆုံးရက် ကျရောက်နေသော ယာဉ်မောင်းလိုင်စင်များအား ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၂၀ မှ ၃၀.၆.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၂၀ မှ ၃၀.၉.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၂၀ မှ ၃၁.၁၂.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၂၁ မှ ၃၁.၃.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၂၁ မှ ၃၀.၆.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၂၁ မှ ၃၀.၉.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၃။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ခြင်းကြောင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် အောက်ပါယာဉ်မောင်းလိုင်စင်များသည် ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ရန်နှင့် ၎င်းသတ်မှတ်ကာလ ကျော်လွန်ပါက (၅)နှစ်ကျော်နှစ်ပြတ်လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၁၅ မှ ၃၀.၆.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၁၅ မှ ၃၀.၉.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၁၅ မှ ၃၁.၁၂.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၁၆ မှ ၃၁.၃.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၁၆ မှ ၃၀.၉.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၁၆ မှ ၃၀.၁၁.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၄။ ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ပြုထားသည့် သတ်မှတ်ကာလများအတွင်း အချိန်မီလာရောက် ဆောင်ရွက်ခြင်းမပြုပါက ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဇဟန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး (Talk Show) ပြုလုပ်

**ဇဟန်း နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် လူထုအခြေပြုဇဟိုဌာန အစည်းဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ဇဟန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့၏




ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးတို့ ပူးပေါင်းကာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ ဇဟန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါလူနာများအား ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများ၊ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံသည့်လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုများ၊ အောက်ဆီဂျင် အခမဲ့ဖြန့်ဝေသည့်လုပ်ငန်းများအပြင် ပရဟိတလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်လှစ်ရန် စီစဉ်ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ အသင်းသားများတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုများကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးက အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ရန်ကုန် နိုဝင်ဘာ ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် နိုဝင်ဘာ ၇ ရက်က ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ထိန်ကုန်းကျေးရွာအုပ်စုအတွင်း အသက်၁၀နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ လေးဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၅၇ ဦး၊ ရွှေကြာဖျိုက်ကျေးရွာအုပ်စုတွင် အသက် ၁၀နှစ် ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားလျှောက်ထားသူ ၇၂ ဦး စုစုပေါင်း ကျေးရွာနေပြည်သူ ၁၃၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၄ ကတ်တို့ကို ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခြင်းကို မေ ၃ ရက်မှစတင်၍ ဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၇ ရက်အထိ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅၇၉ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၇၆၈ ခုတို့ကို မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာနေပြည်သူများအား ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**





## မအူပင်မြို့နယ် ထနီးရေထိန်းတံခါးနှင့် ထနီးသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မအူပင် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်မြို့နယ် ထနီးကျေးရွာ ထနီးရေထိန်းတံခါးနှင့် ထနီးသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀ တက်ရောက်ကြပြီး တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၀၇၀၀၀ အား ထနီးရေထိန်းတံခါးနှင့် ထနီးသဘာဝရေပြင်အတွင်းသို့ စုပေါင်းပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငါးမွေးမြူရေးလုပ်ငန်းရှင်များအား GAqP နည်းစနစ် အသိပညာပေးဟောပြော

**ကျိုက်မရော နိုဝင်ဘာ ၇**

ကျိုက်မရောမြို့နယ် ပိန္နဲကုန်းရွာရှိ ဦးသက်ပိုင်စိုး၏ ငါးမွေးကန်တွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား GAqP(ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်) အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်၊ ဒုတိယဦးစီးမှူး ဒေါ်စုစုကြည်နှင့် ဝန်ထမ်းများအဖွဲ့က ပြောကြားခဲ့ပြီး တက်ရောက်လာသော သင်တန်းသား သင်တန်းသူ ၁၅ ဦးအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေနှင့် သံတွဲမြို့များသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိ




**စစ်တွေ နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေနှင့် သံတွဲမြို့များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့ နံနက်ပိုင်းက တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိလာကြောင်း သိရသည်။

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac များကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သံတွဲမြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ၂၅၆၁၀၊ Sinovac အလုံးအရေအတွက် ၃၀၀၀၀ နှင့် ဆေးထိုးအပ်အချောင်း ၉၁၉၂၆ ခု၊ စစ်တွေမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ၃၆၇၁၈ လုံး၊ Sinovac အလုံးအရေအတွက် ၄၃၈၈၆ လုံးနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ၈၀၀၊ Sinovac အလုံးအရေအတွက် ၂၀၇၇ လုံးနှင့် ဆေးထိုးအပ် ၈၁၅၄ ခုတို့ကို တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိလာရာ မြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံရရှိကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း အခြားမြို့နယ်အသီးသီးသို့ ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၂ ဦးနှင့် အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၁၀၀ တို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ ပြည်သူများအား RDT Test Kit ဖြင့် စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး ခုနစ်ဦး ထပ်မံတွေ့ရှိ

**မိုင်းရယ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ယမန်နေ့က သံသယလူနာများအဖြစ် ရောက်ရှိလာသူ ၁၈၂ ဦးအား RDT Test Kit ဖြင့် စစ်ဆေးခဲ့ရာ ခုနစ်ဦးတွင် ကိုဗစ်ပိုးတွေ့ရှိခဲ့ကြောင်း မြို့နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မိုင်းရယ်မြို့နယ်တွင် ယမန်နေ့အထိ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၃၂၇ ဦး၊ ဆေးရုံမှ ဆင်းခွင့်ရသူ ၂၈၈ ဦး၊ သေဆုံးလူနာ လေးဦး၊ ဆေးကုသမှုမခံယူခဲ့သူ တစ်ဦးနှင့် ဆေးရုံ၊ မိခင်နှင့်ကလေးဆေးခန်းနှင့် မူကြိုကျောင်းတို့တွင် စောင့်ကြည့်ကုသလျက်ရှိသူ ၃၄ ဦးရှိကြောင်း သိရသည်။

မိုင်းရယ်မြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအရောက် အသိပညာပေးနှိုးဆော်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ **ကျော်ဇင်ထိုက်**

**❂ (၃၁)ကြိမ်မြောက်မှ**

ယင်းပြိုင်ပွဲကို ပုံမှန်အရ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ပြီး ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည့် ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် မေလလယ်တွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အိုလံပစ်ကော်မတီ တာဝန်ရှိသူများအနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြလျက်ရှိပြီး ဗီယက်နမ်အစိုးရအဖွဲ့ တာဝန်ရှိသူများထံမှ ခွင့်ပြုချက်ရရှိပါက ယင်းကာလအတိုင်း ကျင်းပမည်ဖြစ်သည်။ (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ မှ ပြိုင်ပွဲအမျိုးအစား ၅၂၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ မြားပစ်၊ ရေကူး၊ ကြက်တောင်၊ ဗိုဗီနမ်၊ အလေးမ၊ နပန်း၊ ဝူရှူး၊ ဘတ်စကက်ဘော၊ ဘီလီယက်နှင့်စနူကာ၊ ကာယဗလ၊ ဘိုးလင်း၊ လက်ဝှေ့၊ ကနူးကယက်၊ စစ်တုရင်၊ စက်ဘီး၊ Dancesport၊ ဘောလုံး/ဖူဆယ်၊ ဂေါ့ဖ်၊ ကျွမ်းဘား၊ Handball၊ ဂျူဒို၊ ဂျူဂျစ်ဆု၊ Esports၊ ဓားရေး၊ ကရာတေး၊ ကစ်ဘောင်ဆင်၊ Kurash၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ Xiangqi၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘောအားကစားနည်းများ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ **ကိုညီလေး**

**✻ နေ့ဝှစ်ချ်အသင်းမှ**

တန်းတက်ခွင့် နှစ်ကြိမ်အထိရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဒါပေမဲ့ နေ့ဝှစ်ချ်အသင်းဟာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်က လက်စတာစီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ပွဲစဉ် ၂၀ ဆက်တိုက်နိုင်ပွဲ ပျောက်ဆုံးခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ် ၂၀ မှာ ၁၈ ပွဲရှုံးနိမ့်ကာ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပြီး အခုဘရန်းဖို့ဒ်အသင်းနဲ့ ပွဲစဉ်ရောက်မှ နိုင်ပွဲပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံသား နည်းပြ ဖာကီဟာ နေ့ဝှစ်ချ်အသင်းနည်းပြဘဝမှာ ပွဲစဉ်စုစုပေါင်း ၂၀၈ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ၈၇ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ **ငွေကြယ်**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း



# စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

(ယမန်နေ့မှအဆက်)

| | | | | | |
|---|---|---|---|---|---|
| ၃၇ | TF | ၁,၄၂၂ | ၁,၃၉၄ | ၁,၄၀၁ | ရေကြည်ပေါက်ကျေးရွာ၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မြစ်ငယ်လမ်းမ။ |
| ၃၈ | Petro K Meikhtila | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃၉ | Petro K Pyawbwe | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၀ | Petro K Yinmarbin | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၁ | MK Fuel | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၂ | PT Power (ရမည်းသင်း) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | တဘက္ကာကျေးရွာအုပ်စု။ |
| ၄၃ | BOC (မန္တလေး-၆၂လမ်း) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ်(D-1)၊ ၆၂လမ်း၊ တွတ်ပီကွေ့၊ စက်မှုပန်းခြံလမ်း။ |
| ၄၄ | BOC (တံတားဦး (BOC Express) ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | မိုင်တိုင်(၃၇၅)၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ တံတားဦးအဝိုင်းထိပ်။ |
| ၄၅ | BOC (အမရပူရ (ရွှေပန်းချီ) ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း၊ တံတားဖြူအနီး။ |
| ၄၆ | BOC (မြင်းခြံ) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | မန္တလေး-မြင်းခြံကားလမ်းမကြီးဘေး၊ ချောင်းဒေါင်းရပ်။ |
| ၄၇ | BOC (ကျောက်ပန်းတောင်း) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမကြီးဘေး၊ ကျောက်ပန်းတောင်းတိုးဂိတ်အနီး၊ အင်တောကျယ်ကျေးရွာ။ |
| ၄၈ | BOC (ညောင်ဦး) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ညောင်ဦး-မြင်းခြံကားလမ်းမကြီးနှင့်ညောင်ဦး မြို့ရှောင်လမ်းဆုံအနီး၊ မြေနဲလေးကျေးရွာ။ |
| ၄၉ | BOC (စဉ့်ကိုင်) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး။ |
| ၅၀ | BOC (ပြင်ဦးလွင်) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | မိုင်တိုင် (၅၀) မိုင်၊ မန္တလေး-လားရှိုး ကားလမ်းမကြီးဘေး၊ ပြင်ဦးလွင်။ |
| ၅၁ | ရွှေလီ (ပျော်ဘွယ်) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | ဝါးရင်းထုတ်ကျေးရွာ၊ရန်ကုန်-မန္တလေးလမ်း ဟောင်း၊မန္တလေးတိုင်းဒေသကြီး။ |

### နေပြည်တော်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Petro Seven | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | မိုင်တိုင်အမှတ်(၁၄/၆)ပျဉ်းမနား မြို့ရှောင်လမ်း၊ ဘောဂသီရိကားကွင်းအနီး၊ နေပြည်တော်။ |
| ၂ | Moon Sun Energy (NaypyiTaw) | ၁,၄၅၂ | ၁,၃၇၅ | ၁,၃၈၁ | နန်းဩကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၃ | 360˚ Petro (Naypyitaw) | ၁,၄၅၂ | ၁,၃၇၅ | ၁,၃၈၁ | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ |
| ၄ | Petro K Tatkon | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | တပ်ကုန်းမြို့နယ်၊ နေပြည်တော်။ |
| ၅ | Power-9 (Pyinmana) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း၊ နှင်းဆီအဝိုင်းအနီး၊ ပုဗ္ဗသီရိမြို့နယ်။ |
| ၆ | PT Power (ဥတ္တရသီရိ) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ်(၁၉)၊မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့်။ |
| ၇ | PT Power (ဒက္ခိဏသီရိ) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | ဗိုလ်(၄)လမ်းနှင့်ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ်။ |
| ၈ | PT Power (သာဝတ္တိ) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | ကြာအင်းဇလုပ်ကျေးရွာအနီး၊ သာဝတ္တိကျေးရွာအုပ်စု။ |

### တနင်္သာရီတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Shwe Myan Aung(Sandawat) | 1,467 | 1,375 | 1,381 | ကျွဲကူးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၂ | Shwe Myan Aung (Kone Pauk) | 1,467 | 1,375 | 1,381 | မြိတ်တောင်ကျေးရွာ၊ တနင်္သာရီတိုင်းဒေသကြီး။ |

### ရှမ်းပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | KS(029) | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | ကြိမ်ဂနိုင်ကျေးရွာ၊နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ၂ | KS(005) | ၁,၄၄၇ | ၁,၄၀၅ | ၁,၄၁၅ | မိုင်းယုကျေးရွာ၊ (၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ၃ | KS(004) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | ကိုးနဝင်းတောင်ခြေတံတားကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၄ | KS(010) | ၁,၄၂၇ | ၁,၃၉၄ | ၁,၄၀၁ | ခိုမုန်းကျေးရွာအုပ်စု၊ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၅ | KS(011) | ၁,၄၂၇ | ၁,၃၉၄ | ၁,၄၀၁ | ပန်စောက်မိန်းကျေးရွာအုပ်စု၊သီပေါမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၆ | KS(003) | ၁,၄၃၇ | ၁,၄၀၄ | ၁,၄၁၁ | နောင်ဖော့ကျေးရွာအုပ်စု၊လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း ။ |
| ၇ | KS(007) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | သာမိုင်ခန့်ကျေးရွာ၊အောင်ပန်းကလောမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း ။ |
| ၈ | KS(018) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | အော်ယော်ရပ်ကွက်၊ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၉ | OK Energy (Heho) | ၁,၄၅၇ | ၁,၃၇၅ | ၁,၃၈၁ | တောင်ကြီး-ကလော ပြည်ထောင်စုလမ်းမကြီးဘေး။ |
| ၁၀ | Asia Energy (မူဆယ်) | ၁,၄၉၇ | ၁,၄၁၅ | ၁,၄၂၁ | တိုးဂိတ်အနီး ၁၀၅ မိုင်ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ။ |
| ၁၁ | Denko (တောင်လေးလုံး ) | ၁,၄၆၂ | ၁,၃၇၅ | ၁,၃၈၁ | အမှတ် (၁၇/၁၁)၊ တောင်ကြီး-မိတ္ထီလာ ပြည်ထောင်စုလမ်းမကြီး၊ တောင်လေးလုံး ကျေးရွာအုပ်စု။ |
| ၁၂ | Lucky7 | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | မိတ္ထီလာ-တောင်ကြီးလမ်းမကြီး၊ ရှမ်းတောင်မြို့နယ်။ |
| ၁၃ | Lucky 7 | ၁,၄၃၇ | ၁,၄၀၉ | ၁,၄၁၆ | မန္တလေး-လားရှိုးကားလမ်းမကြီး၊ ရှမ်းမြောက် |
| ၁၄ | BOC (အောင်ပန်း) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ်(၂၂) ပြည်ထောင်စုလမ်းမကြီးဘေး၊ ကလောတိုးလ်ဂိတ်အနီး၊ ကလောမြို့။ |
| ၁၅ | BOC (တောင်လေးလုံး) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ် (၉/၂ )ပြည်ထောင်စုလမ်းမကြီးဘေး၊ တောင်လေးလုံးကျေးရွာ။ |
| ၁၆ | BOC (တောင်ကြီး) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ် (၁၂၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့။ |
| ၁၇ | BOC (နမ့်စန်) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | အမှတ်(၇၁)၊(၇၂) (၇၃)၊ (၇၄) တောင်ကြီး-ကျိုင်းတုံလမ်း၊ ထင်းရှူးမြိုင်ကျေးရွာ၊ နမ့်စန်မြို့။ |
| ၁၈ | BOC (လားရှိုး) | ၁,၄၃၇ | ၁,၄၀၄ | ၁,၄၁၁ | မန္တလေး-မူဆယ်ကားလမ်းမကြီးဘေး၊ လားရှိုးမြို့ရှောင်လမ်းဆုံအနီး၊ မယ်ဟန်ကျေးရွာ။ |
| ၁၉ | BOC (သီပေါ) | ၁,၄၂၇ | ၁,၃၉၄ | ၁,၄၀၁ | မန္တလေး-လားရှိုးကားလမ်းမကြီးဘေး၊ နမ့်လန်လမ်းခွဲ၊ခိုလုံကျေးရွာ။ |
| ၂၀ | BOC (မူဆယ်) | ၁,၄၄၇ | ၁,၄၁၄ | ၁,၄၂၁ | မန္တလေး - မူဆယ်ကားလမ်းမကြီးဘေး၊ မော်တောင်းကျေးရွာအုပ်စု၊ မူဆယ်မြို့နယ်။ |
| ၂၁ | BOC (ရွာငံ) | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | ရွာငံ - အောင်ပန်းလမ်းမကြီး၊ ရွာငံမြို့။ |
| ၂၂ | Lucky7 | ၁,၄၁၂ | ၁,၃၇၄ | ၁,၃၈၁ | တောင်လေးလုံးရွာ၊ ရွှေညောင်။ |

### စစ်ကိုင်းတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Asia Energy (မုံရွာ) | ၁,၄၇၂ | ၁,၃၈၀ | ၁,၃၈၆ | မန္တလေးမုံရွာလမ်းမကြီး ၊ မုံရွာတိုးဂိတ်အကျော်၊ ထနောင်းတောအုပ်စု၊ မုံရွာမြို့။ |
| ၂ | Denko ( မုံရွာ ၂ ) | ၁,၄၆၂ | ၁,၃၇၀ | ၁,၃၇၆ | အမှတ် (၆၆/၁၄၉)၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်၊ သလ္လာဝတီဆိပ်ကမ်း၊ မုံရွာမြို့။ |
| ၃ | Denko ( မုံရွာ ၃ ) | ၁,၄၆၂ | ၁,၃၇၀ | ၁,၃၇၆ | အမှတ် (၆၄၄)၊ မုံရွာ-မန္တလေးလမ်း၊ မအူကျေးရွာအုပ်စု၊ မုံရွာမြို့နယ်။ |

စာမျက်နှာ ၂၇ သို့ ❖

❖ စာမျက်နှာ ၂၆ မှ

| | | | | | |
|---|---|---|---|---|---|
| ၄ | BT–1 စက်သုံးဆီအရောင်းဆိုင် | ၁,၄၂၇ | ၁,၃၈၄ | ၁,၃၉၁ | ပဂိုးကုန်းရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၅ | BT–2 စက်သုံးဆီအရောင်းဆိုင် | ၁,၄၂၇ | ၁,၃၈၄ | ၁,၃၉၁ | စိုင်နိုင်လေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆ | BOC (ရွှေဘို) | ၁,၄၁၂ | ၁,၃၆၉ | ၁,၃၇၆ | ရွှေဘို–မန္တလေး ကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့အဝင်မုခ်ဦးအနီး။ |
| ၇ | BOC (မုံရွာ) | ၁,၄၁၂ | ၁,၃၆၉ | ၁,၃၇၆ | မုံရွာ–ရေဦးကားလမ်းမကြီးဘေး ဖန်ခါးကျင်းကျေးရွာ၊ မုံရွာမြို့။ |
| ၈ | BOC (ကံတလူ–စစ်ကိုင်း) | ၁,၄၁၂ | ၁,၃၆၉ | ၁,၃၇၆ | စစ်ကိုင်း–မုံရွာကားလမ်းမကြီးဘေး၊ ကံတလူတိုးဂိတ်အနီး |

## ရခိုင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | KS(012) | ၁,၄၂၂ | ၁,၃၉၉ | ၁,၄၀၆ | ဂွမြို့မရပ်ကွက်၊ဂွမြို့၊ရခိုင်ပြည်နယ်။ |
| ၂ | KS(017) | ၁,၄၄၇ | ၁,၄၁၉ | ၁,၄၂၆ | အောက်ကျေးရွာအုပ်စု၊အမ်းမြို့၊ ရခိုင်ပြည်နယ်။ |
| ၃ | KS(006) | ၁,၄၅၇ | ၁,၄၂၉ | ၁,၄၃၆ | မန်းကျည်မြိုင်ရပ်ကွက်၊စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၄ | KS(002) | ၁,၄၃၇ | ၁,၄၀၉ | ၁,၄၁၆ | အံတော်ကွင်း၊ ဒွါရဝတီမြို့သစ်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |
| ၅ | KS(021) | ၁,၄၃၇ | ၁,၄၀၉ | ၁,၄၁၆ | ကိုင်းရှည်ကျေးရွာ၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။ |
| ၆ | KS(022) | ၁,၄၃၇ | ၁,၄၀၉ | ၁,၄၁၆ | လင်းမူတောင်ကျေးရွာအုပ်စု၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |

## မွန်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | MMTM– Mawlamyaing | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကျိုက္ခမီလမ်း၊ မော်လမြိုင်။ |
| ၂ | KS(014) | ၁,၃၉၇ | ၁,၃၆၄ | ၁,၃၇၁ | ကျခတ်ငူကျေးရွာအုပ်စု၊ပေါင်မြို့၊ မွန်ပြည်နယ်။ |
| ၃ | KS(013) | ၁,၃၉၇ | ၁,၃၆၄ | ၁,၃၇၁ | တာပသွန်ကျေးရွာအုပ်စု၊မုဒုံမြို့၊ မွန်ပြည်နယ်။ |
| ၄ | KS(015) | ၁,၃၉၇ | ၁,၃၆၄ | ၁,၃၇၁ | ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊သထုံမြို့၊ မွန်ပြည်နယ်။ |
| ၅ | KS(028) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ကျုံးဟောင်းရွာသစ်ကျေးရွာ၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၆ | Ready | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | တူးမြောင်းရွာ၊ ရေးမြို့နယ်။ |
| ၇ | Yadana Petrol Station (သံဖြူဇရပ်) | ၁,၁၅၇ | ၁,၁၅၂ | ၁,၁၅၉ | သံဖြူဇရပ်၊ ဝဲရတ်ကျေးရွာအုပ်စု၊ ဝဲသွန်ချောင်းရွာ၊ မွန်ပြည်နယ်။ |
| ၈ | Yadana Petrol Station (ရေး) | ၁,၁၆၇ | ၁,၁၆၂ | ၁,၁၆၉ | တနင်္သာရီတိုင်းဒေသကြီး၊ အဏ္ဏဝါရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၉ | Yadana Petrol Station (မော်လမြိုင်) | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | မီးလောင်ပြင်လမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ |
| ၁၀ | Thahton | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | မြေနီကုန်းရွာ၊ သထုံမြို့နယ်။ |
| ၁၁ | Mottama | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ပေါင်မြို့နယ်။ |
| ၁၂ | Denko ( ကျိုက်ထို ) | ၁,၄၄၇ | ၁,၃၆၅ | ၁,၃၇၁ | ဆိုင်အမှတ် (၀၁၅၆)၊ တောင်သူစုရပ်ကွက်၊ သထုံခရိုင်၊ကျိုက်ထိုမြို့နယ်၊မွန်ပြည်နယ်။ |
| ၁၃ | Denko ( မုတ္တမ ) | ၁,၄၄၇ | ၁,၃၇၀ | ၁,၃၇၆ | အမှတ် (၀၈၆၇) ကော့စိုင်ရပ်၊ ရန်ကုန်–မော်လမြိုင်လမ်းမကြီး၊ ပေါင်မြို့နယ်၊ မုတ္တမ၊ မွန်ပြည်နယ်။ |
| ၁၄ | PT Power (မုတ္တမ) | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | မုတ္တမကျေးရွာ၊ ပေါင်မြို့။ |
| ၁၅ | PT Power (မုပွန်) | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကျောက်ပြားစက်ရုံဝင်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့။ |
| ၁၆ | Puma Power 003 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | သံဖြူဇရပ်၊ မွန်ပြည်နယ်။ |
| ၁၇ | Puma Power 004 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | သံဖြူဇရပ်၊ မွန်ပြည်နယ်။ |
| ၁၈ | Puma Power 006 | ၁,၄၁၂ | ၁,၃၈၄ | | ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။ |
| ၁၉ | Puma Power 008 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ |
| ၂၀ | Puma Power 001 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်။ |
| ၂၁ | Puma Power 005 | ၁,၄၁၂ | ၁,၃၈၄ | | ကျိုက်မရောမြို့နယ်၊ မော်လမြိုင်။ |
| ၂၂ | Puma Power 007 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | သထုံမြို့နယ်၊ မွန်ပြည်နယ်။ |
| ၂၃ | Puma Power 010 | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | ကင်းပွန်းချောင်းရွာ။ |
| ၂၄ | Puma Power 011 | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ |
| ၂၅ | Puma Power 013 | ၁,၄၁၂ | ၁,၃၈၄ | ၁,၃၉၁ | ရေးမြို့နယ်၊ မွန်ပြည်နယ်။ |
| ၂၆ | Puma Power 014 | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။ |

## မကွေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | KS(025) | ၁,၃၉၇ | ၁,၃၆၄ | ၁,၃၇၁ | ကသစ်ကန်ကျေးရွာ၊အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၂ | KS(024) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၃ | KS(009) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ကိုးပင်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၄ | Lucky 7 | ၁,၄၀၂ | ၁,၃၆၉ | ၁,၃၇၆ | ကံပြားရွာ၊မကွေး–နတ်မောက်လမ်း။ |
| ၅ | MinBu Star | ၁,၄၀၂ | ၁,၃၆၉ | ၁,၃၇၆ | ကြာကန်ရွာ၊ မကွေးတိုင်းဒေသကြီး။ |
| ၆ | ရွှေမြန်မာမျိုး | ၁,၄၅၀ | ၀ | ၀ | ရွှေဘုံသာရပ်ကွက်၊ ကမ်းနားလမ်းနှင့် သတ္တဋ္ဌာနဘုရားလမ်းထောင့်။ |

## ပဲခူးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | MMTM – Bago | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဘေး၊ ပဲခူး။ |
| ၂ | KS(008) | ၁,၃၉၂ | ၁,၃၆၄ | ၁,၃၇၁ | တောင်နန်းချွန်ကျေးရွာ၊ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၃ | KS(032) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | မဲခုန်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးမြို့ရှောင်လမ်း။ |
| ၄ | KKP Intakaw | ၁,၃၈၂ | ၁,၃၅၄ | ၁,၃၆၁ | အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၅ | Puma Power 016 | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၆ | Puma Power 017 | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ပဲခူးမြို့နယ်။ |
| ၇ | Puma Power 018 | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ဝမ်းဘဲအင်းရွာ၊ ပဲခူးတိုင်းဒေသကြီး။ |
| ၈ | Yadana Petrol Station (သုံးဆယ်) | ၁,၃၇၂ | ၁,၃၄၄ | ၁,၃၅၁ | ရန်ကုန်–ပြည်လမ်း၊အရှေ့ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၉ | Yadana Petrol Station (သာယာဝတီ) | ၁,၃၇၂ | ၁,၃၄၄ | ၁,၃၅၁ | အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၀ | Yadana Petrol Station (ပေါင်းတည်) | ၁,၃၉၇ | | ၁,၃၇၆ | အမှတ်(၃၆)၊ ဈေး(၂)ရပ်ကွက်၊ ပြည်လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၁ | Yadana Petrol Station (ရွှေတောင်) | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ကြာနီကန်ရပ်ကွက်၊ ရန်ကုန်–ရွှေတောင်–ပြည်လမ်းမကြီး၊ ရွှေတောင်မြို့။ |
| ၁၂ | Tharrawaddy | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၃ | ထက်ကေရီ–အင်းတော် | ၁,၃၈၇ | ၀ | ၁,၃၄၀ | ရန်ကုန်–မန္တလေးလမ်းမကြီး၊ (၁၀၅) တပ်ရှေ့၊ အင်းတကော်မြို့။ |
| ၁၄ | သရဖူ–တောင်ငူ | ၁,၄၀၇ | ၁,၃၅၄ | ၁,၃၆၁ | ခပေါင်းတံတားအနီး၊ ရန်ကုန်–မန္တလေး လမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။ |
| ၁၅ | Petro K Oktwin | ၁,၃၉၂ | ၁,၃၆၄ | ၁,၃၇၁ | အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၆ | Petro K Yedashe | ၁,၃၉၂ | ၁,၃၆၄ | ၁,၃၇၁ | ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၇ | Petro K Shwedaung | ၁,၃၉၇ | ၁,၃၆၉ | ၁,၃၇၆ | ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၁၈ | PT Power (ပဲခူး) | ၁,၃၈၂ | ၁,၃၅၄ | ၁,၃၆၁ | ကလိ(တပ်ကလေး)ကျေးရွာအုပ်စု။ |

(ဆက်လက်ဖော်ပြပါမည်)




Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝတ္တကမြေအတွင်းတွင်ရှိသော ဝန်ထမ်းလိုင်းခန်းအဆောက်အအုံအဟောင်း(၃)လုံးအား မျက်မြင်အခြေအနေအတိုင်း ဖျက်သိမ်းရောင်းချရန်အတွက် လုပ်ငန်းလုပ်ဆောင်လိုသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) လုပ်ငန်းအမျိုးအစား–အုတ်ညှပ် (၄၃'x၃၁') (၃)ခန်းတွဲ (၂)ထပ်တိုက်(၁)လုံး၊ (၈၁'x၃၁') (၅)ခန်းတွဲ (၂)ထပ်တိုက်(၁)လုံး၊ (၂၇'x၄၆') (၅)ခန်းတွဲ (၂)ထပ်တိုက် (၁)လုံး။

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | (၁၁–၁၁–၂၀၂၁) |
| (ဂ) | တင်ဒါနောက်ဆုံးတင်သွင်းရန် ရက်နှင့်အချိန် | (၂၀–၁၁–၂၀၂၁)(မွန်းတည့်–၁၂:၀၀နာရီ) |
| (ဃ) | တင်ဒါရွေးချယ်မည့်ရက်နှင့်အချိန် | (၂၀–၁၁–၂၀၂၁)(မွန်းလွဲ–၁၃:၃၀နာရီ) |
| (င) | တင်ဒါဖွင့်မည့်နေရာ | ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိဆိပ်ကမ်းဓမ္မာရုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ဂေါပကရုံးအဖွဲ့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း–၀၉–၂၅၀၀၀၃၂၈၀**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့၊ အထက (ခွဲ)၊ ခမင်းဆိပ်၊ Grade(6)မှ မောင်အောင်ဇော်ဦး၏ ဖခင် အမည်မှန်မှာ ဦးဇော်ထွန်းဦး [၁၀/ရမန(နိုင်)၁၈၃၀၃၂] ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်းဦး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက(၂) Grade(7)၊ သတ္တမတန်း မှ မမေသဥ္ဇာကျော်၏ဖခင်အမည်မှန်မှာ ဦးသတိုးစော[၇/ညလပ(နိုင်)၀၉၅၉၆၈]ဖြစ်ပါသည်။

**ဦးသတိုးစော**

## ပြင်ဆင်ဖတ်ရှုပါရန်

၇–၁၁–၂၀၂၁ ရက်ထုတ် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၅)ပါ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိကြော်ငြာတွင် ဒေါ်စုဝေဖြိုး(စဉ်–၁၅၆၉၉) တရားလွှတ်တော်ရှေ့နေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## တောင်ကြီးမြို့
## (Consultant Team ခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၂၁–၂၀၂၂ ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ Taunggyi Safety, Smart and Happiness City လုပ်ငန်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး အောက်ပါလုပ်ငန်းများအတွက် အကြံပြုပေးနိုင်သော အကြံပေးအဖွဲ့အစည်း(Consultant Team)အား ဖိတ်ခေါ်အပ်ပါသည်–

(က) နည်းပညာနှင့်ပတ်သက်၍ အတွေ့အကြုံရှိသော ကုမ္ပဏီများ/ အဖွဲ့အစည်းများ
(ခ) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများ/ အဖွဲ့အစည်းများ
(ဂ) ကာလတို၊ ကာလလတ်၊ အစီအမံရေးဆွဲဆောင်ရွက်နိုင်သည့် ကုမ္ပဏီများ/ အဖွဲ့အစည်းများ
(ဃ) Taunggyi Safety, Smart and Happiness City နှင့်ပတ်သက်၍ အတွေ့အကြုံရှိသော ကုမ္ပဏီများ/အဖွဲ့အစည်းများ

၂။ အထက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများသည် (၈–၁၁–၂၀၂၁ မှ ၇–၁၂–၂၀၂၁)ရက်နေ့ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ၀၈၁– ၂၀၂၂၀၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ (၁၅–၁၀–၂၀၂၁)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အိတ်ဖွင့်တင်ဒါခေါ်ယူထားသော ကြော်ငြာစာ၏ အပိုဒ်(က) Taunggyi Safety, Smart and Happiness City လုပ်ငန်းအတွက် ကြော်ငြာချက်ကို ပယ်ဖျက်ကြောင်း အသိပေးအပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

# မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက် ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်ခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွက် အရ/အသုံးခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြု နိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်–

၂။

| တည်နေရာ | လုပ်ငန်း |
|---|---|
| ဇမ္ဗူသီရိမြို့နယ် | – ရွှေကြာပင်အားကစားကွင်း Lot(၁)ခု ရေစိမ့်မြောင်းပါဘောလုံးကွင်း တည်ဆောက်ခြင်းနှင့် Inner Fencing ကာရံခြင်း |
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – (၈–၁၁–၂၀၂၁) |
| အချိန် | – နံနက် (၉:၃၀)နာရီမှ ညနေ (၄:၃၀)နာရီ |
| တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် | – (၂၆–၁၁–၂၀၂၁) |
| အချိန် | – ညနေ(၄:၃၀)နာရီ |
| တင်ဒါလျှောက်လွှာဖွင့်လှစ်မည့်ရက် | – ထပ်မံကြေညာပါမည်။ |

၃။ တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်၊ အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးဖုန်း–၀၆၇–၂၂၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ်၊ တရားမကြီးအမှုအမှတ်–၁၁၆ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၉၃**

ဦးကျော်စိန်မောင် **ဒီကရီအနိုင်ရသူ** } နှင့် { ဦးတင်ညွန့် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လူနေရပ်ကွက် (၃)၊ တော်ဝင်လမ်းသွယ်(၁၀)၊ မြေကွက်အမှတ်(၅၀၂)နေ တရားရှုံး ဦးတင်ညွန့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးအမှုအမှတ်–၁၁၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျော်စိန်မောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်၊ (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ်(၁၂၅)၊ မြသိင်္ဂီလမ်း၊ အိမ်အမှတ်(၄၈၇/ခ)၊ မြေတိုင်းရပ်ကွက်၊ အိမ်အမှတ်(၁၂၅)ဟုခေါ်တွင်သော မြေကွက်အမှတ်(၄၈၇/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးသိန်းမြင့် (HGU–၁၂၁၉၃၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအား လက်ရှိထားအပိုင်ရောင်းခွင့်ရှိသူဟု ဆိုသူ ဦးချစ်ဦး[၁၄/ဘကလ(နိုင်)၁၂၉၁၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းသူ[၁၂/ဥကမ(နိုင်)၂၁၂၄၄၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မြင့်သန့်**
**LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၁၈/၁၀–၅–၂၀၁၂)**
**တိုက်(၈၈)၊ အခန်း(၂၀၁)၊ ရတနာပုံ(၁)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၄၄၈၀၀၇၇၃၇၊ ၀၉–၇၉၅၃၅၃၄၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာအုပ်စု၊ ပျော်ဘွယ်လေးကျေးရွာ၊ ကွင်း/အကွက်အမှတ်အမည်၊ ကွင်းအမှတ် (၁၉၂)၊ ကွင်းအမည်–ပျော်ဘွယ်လေး၊ ဦးပိုင်အမှတ် (၃၁/၃၀)ရှိ ဧရိယာ ပေ(၄၁x၁၂၅)၊ (၀.၁၂)ဧကကို ဦးငြိမ်းမောင်(ဘ)ဦးချစ်ခိုင်[၁၂/ဒလန(နိုင်)၀၁၅၀၆၃]က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာငွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၆)**
**အမှတ်(၁၄၁၂)၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၃၁၁၄၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကြာတောကျေးရွာအုပ်စု၊ ကြာတောကျေးရွာနေ ဦးမင်းမင်း[၇/ကဝန(နိုင်)၁၀၂၉၉၉]နှင့် ဒေါ်ခင်အုန်းမြင့်[၇/ကဝန(နိုင်)၀၁၁၀၆၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းမင်းနှင့် ဒေါ်ခင်အုန်းမြင့်တို့၏ သားဖြစ်သူ ဦးထင်လင်းထက်[၇/ကဝန(နိုင်)၁၇၄၅၆၂]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆင့်သီရိခင်ဇော်(LL.B,D.M.L)** **ဒေါ်သန္တာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၄၄)** **အထက်တန်းရှေ့နေ (စဉ်–၂၉၅၃၉)**
**အမှတ်(၃၇)၊ ရာဇဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၇၆၁၅**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီ (၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)ကို ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ယခင် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ ယခုအကြမ်းဖက် CRPH/NUG ၏ နိုင်ငံရေးနှင့်လုံခြုံရေးအကြံပေး ကျော်မင်းယု(ခ)ဂျင်မီကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံအိမ်ရာဝင်းအတွင်းရှိ အမှတ်(၁ဂ၉/B) နှစ်ထပ်တိုက်နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍**




ကျော်မင်းယု(ခ) ဂျင်မီအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

**ယနေ့** ဖတ်စရာ

**တောင်ကိုရီးယားအစိုးရက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သောက်ဆေးအလုံးရေ ခုနစ်သောင်းဝယ်ယူမည်**
စာမျက်နှာ » ၁၃

**ရာသီတုပ်ကွေးရောဂါနှင့် အသက် ၂ နှစ်အောက် ကလေးများတွင် အဖြစ်များသည့် လေပြွန်ရောင်ရမ်းပြီး အသက်ရှူကျပ်သည့် ရောဂါအကြောင်း သိကောင်းစရာ**




စာမျက်နှာ » ၁၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၃ ဒသမ ၅၅ ရာခိုင်နှုန်းရှိ**
စာမျက်နှာ » ၂၂

# (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ၂၀၂၂ ခုနှစ် မေလလယ်တွင် ကျင်းပရန် စီစဉ်

ရန်ကုန် နိုဝင်ဘာ ၇

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✪

# နော့ဝ့စ်ချ်အသင်းက ဒန်နီယယ်ဖာကီအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

နော့ဝ့စ်ချ်အသင်းဟာ ယခုနှစ်ဘောလုံးရာသီရဲ့ ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲရရှိခဲ့ပြီးနောက် နည်းပြ ဒန်နီယယ်ဖာကီကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

နော့ဝ့စ်ချ်အသင်းဟာ နိုဝင်ဘာ ၆ ရက် ညပိုင်းက ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲဟာ နော့ဝ့စ်ချ်အသင်းအတွက် ယခုနှစ် ဘောလုံးရာသီပထမဆုံးပရီမီယာလိဂ်နိုင်ပွဲလည်း ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နော့ဝ့စ်ချ်အသင်းအတွက် သွင်းဂိုးတွေကို နော်မန်နဲ့ပက်ကီတို့က သွင်းယူပေးခဲ့ပြီး ဘရန်းဖို့ဒ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဟီနရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နော့ဝ့စ်ချ်အသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့ပေမယ့် ပရီမီယာလိဂ် ၁၁ ပွဲကစားအပြီးမှာ ရမှတ် ငါးမှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာပဲ ရပ်တည်နေဆဲဖြစ်တာမို့ နည်းပြဖာကီကို ထုတ်ပယ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ နည်းပြ ဖာကီဟာ ၂၀၁၇ ခုနှစ်နောက်ပိုင်းမှာ နော့ဝ့စ်ချ်အသင်းကို ပရီမီယာလိဂ် **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻**

